# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက် | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ် (၀၇၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်တော်ဝင်လေယာဉ်အား ကြည့်ရှုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(လေ)၏ ဖွဲ့စည်းတည်ထောင်မှု (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တပ်မတော်(လေ)၏ (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် နိုင်ငံတော်နှင့် တပ်မတော်၏ လေကြောင်းစွမ်းပကားမြင့်မားစေရန်အတွက် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။


*စာမျက်နှာ ၃ ကော်လံ ၁ ❍*



ယနေ့ ဖတ် စ ရာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ နှစ် (၅၀) ပြည့် ရွှေရတု ရခိုင်ပြည်နယ်နေ့အခမ်းအနား တက်ရောက် — ပြည်တွင်းသတင်း — စာ ၇

ခေတ်စနစ်နှင့်အညီ တိုးတက်ခဲ့ပြီ နှစ် (၁၂၀) တိုင်ဆီ — ဆောင်းပါး — စာ ၁၀

အွန်လိုင်းအန္တရာယ် တို့ကာကွယ် — ဆောင်းပါး — စာ ၁၆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(လေ)၏ (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❍ *ရွှေဖုံးမှ*

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(လေ)များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် ယနေ့သည် တပ်မတော်(လေ)၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားဖြစ်ပြီး ယခုကဲ့သို့မင်္ဂလာရှိသည့်နေ့တွင် နိုင်ငံတော်ကာကွယ်ရေး တာဝန်များထမ်းဆောင်ရာ၌ တပ်မတော်(လေ)၏ စွမ်းရည်မြင့်မားတိုးတက်ရေးအတွက် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်သည့်အတွက် နိုင်ငံတော်၊ တပ်မတော်နှင့် တပ်မတော်(လေ)အတွက် ဂုဏ်ယူဖွယ်ရာ နေ့တစ်နေ့လည်းဖြစ်ကြောင်း။

**အထောက်အကူပြုစေမည်**

ယခင်က တပ်မတော်(လေ) လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားများ ၁၄ ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့တွင် လေယာဉ်၊ ရဟတ်ယာဉ်များကို တပ်တော်ဝင်ခြင်း ဆောင်ရွက်ပြီး တပ်မတော်(လေ)သို့ လွှဲပြောင်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အထိမ်းအမှတ် လေယာဉ်ပုံစံငယ်ကို ဂါရဝပြုပေးအပ်စဉ်။

ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ လေယာဉ်၊ ရဟတ်ယာဉ်များ တိုးတက်ဖြည့်ဆည်းပေးနိုင်သည့်အတွက် တပ်မတော်(လေ)၏ စစ်ဆင်ရေးနှင့် အခြားပျံသန်းရေးတာဝန်များ ထမ်းဆောင်ရာတွင် အဓိက အရေးပါသည့် စွမ်းဆောင်ရည်များကို မြှင့်တင်ပေးရာရောက်သကဲ့သို့ တပ်မတော်အတွက် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအား တိုးတက်မြင့်မားအောင် အထောက်အကူပြုစေမည်လည်းဖြစ်ကြောင်း။

**အဓိကအရေးပါသည့် အခန်းကဏ္ဍက ပါဝင်နေ**

မျက်မှောက်ခေတ် ကမ္ဘာ့တစ်လွှား ဖြစ်ပွားနေသည့် စစ်ပွဲများနှင့် လက်နက်ကိုင်ပဋိပက္ခများကို လေ့လာဆန်းစစ်ကြည့်ပါက လေကြောင်းနှင့် အာကာသစွမ်းအားသည် စစ်ပွဲအောင်နိုင်ရေးအတွက် အဓိကအရေးပါသည့် အခန်းကဏ္ဍက ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ လေကြောင်းစွမ်းအားသာလွန်ကောင်းမွန်မှုသည် ရန်သူအပေါ် လွှမ်းမိုးထိန်းချုပ်ချေမှုန်းနိုင်ပြီး မိမိတပ်ဖွဲ့များ၏ စိတ်ဓာတ်နှင့် တိုက်စွမ်းရည် ပိုမိုအားကောင်းတိုးတက်စေကြောင်း သိသာထင်ရှားစွာ တွေ့မြင်နေရကြောင်း၊ ထို့ကြောင့် တပ်မတော်(လေ)အနေဖြင့် ဖြစ်ပေါ်တိုးတက်နေသည့် အခြေအနေများကို မျက်ခြည်မပြတ် လေ့လာသုံးသပ်ဆန်းစစ်ပြီး လိုက်လျောညီထွေစွာ ပြောင်းလဲတိုးတက် ဆောင်ရွက်နေရမည်ဖြစ်ကြောင်းကို အလေးအနက်မှာကြားလိုကြောင်း။

**ကဏ္ဍပေါင်းစုံမှ ဝင်ရောက်စွက်ဖက်**

ပိုင်ဆိုင်ထားသည့် လေယာဉ်၊ ရဟတ်ယာဉ်များနှင့် လက်နက်စနစ်များ၏ စွမ်းဆောင်ရည်ကို အပြည့်အဝအသုံးချစစ်ဆင်နိုင်ရန် လေ့ကျင့်သားပြည့်ဝမှုသည် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုသည် စဉ်ဆက်မပြတ် ဖြစ်ပေါ်ပြောင်းလဲနေသည့်အတွက် တစ်ကြိမ်တစ်ခါ လေ့ကျင့်ရုံဖြင့် မလုံလောက်ဘဲ "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဟူသည့် လုပ်ငန်းစဉ်အတိုင်း အမြဲမပြတ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့ကာလတွင် အင်အားကြီးနိုင်ငံများ၏ အချင်းချင်း အားပြိုင်မှုများ တိုးတက်ဖြစ်ပေါ်လျက်ရှိပြီး အကျိုးဆက်အနေဖြင့် နိုင်ငံငယ်များအပေါ် ကဏ္ဍပေါင်းစုံမှ ဝင်ရောက်စွက်ဖက်ပြီး လွှမ်းမိုးခြယ်လှယ်ရန် ကြိုးပမ်းမှုများ၊ နိုင်ငံအချင်းချင်း ပိုင်နက်နယ်မြေ အငြင်းပွားမှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ပြည်တွင်းမငြိမ်မသက်မှုများသည် ကမ္ဘာ့နေရာအနှံ့အပြားတွင် ဖြစ်ပွားလျက်ရှိနေကြောင်း။

**အစဉ်အလာကောင်းများကို တန်ဖိုးထားထိန်းသိမ်း**

တပ်မတော်(လေ)၏ သမိုင်းကို ပြန်ကြည့်မည်ဆိုပါက အခက်အခဲများကြားမှ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ဇွဲသတ္တိတို့ကို အရင်းခံပြီး ရှိသည့်လေယာဉ်၊ ရှိသည့်လက်နက်ဖြင့် ရည်မှန်းချက်အောင်မြင်အောင် ကြိုးစားတိုက်ပွဲဝင်ခဲ့သည်ကို အထင်အရှားတွေ့မြင်နေရကြောင်း၊ ထိုကဲ့သို့ မြင့်မြတ်ဂုဏ်ယူဖွယ်ဖြစ်သည့် အစဉ်အလာကောင်းများကို တန်ဖိုးထားထိန်းသိမ်းပြီး နောက်မျိုးဆက်သစ်များအတွက် လက်ဆင့်ကမ်းအမွေ ဆက်လက်ပေးအပ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

တပ်မတော်က ဆောင်ရွက်အကောင်အထည်ဖော်နေသည့် နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တပ်မတော်(လေ)အနေဖြင့်လည်း ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ဆက်လက်ပါဝင်ထမ်းဆောင်သွားကြရန်၊ ယခု တပ်တော်ဝင်ပေးလိုက်သည့် လေယာဉ်ရဟတ်ယာဉ်များကို မြတ်နိုးတန်ဖိုးထားစွာ ကိုင်တွယ်အသုံးပြုပျံသန်းပြီး တပ်မတော်၏ဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်ကို ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်နိုင်သည့် စွမ်းရည်မြင့်မားသော ခေတ်မီတပ်မတော်(လေ)အဖြစ် အစဉ်ရပ်တည်နိုင်အောင် ကြိုးစားအားထုတ်တည်ဆောက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းနှင့် ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားပြီး စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်က လေယာဉ်၊ ရဟတ်ယာဉ်များအား တပ်တော်ဝင်အဖြစ် ကြေညာသည်။

**လေယာဉ်ပုံစံငယ်များကို ဂါရဝပြုပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အထိမ်းအမှတ် လေယာဉ်ပုံစံငယ်များကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ လေယာဉ်၊ ရဟတ်ယာဉ်များသရုပ်ပြအုပ်ဖွဲ့ပျံသန်းအလေးပြုခြင်းနှင့် ကျွမ်းထိုးသရုပ်ပြပျံသန်းခြင်းများပြသကြရာ ဦးစွာ အချိန်ကိုက်ပျံသန်းအလေးပြုခြင်း အစီအစဉ်အရ သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ် နှစ်စင်းတို့က နိုင်ငံတော်အလံနှင့် တပ်မတော်အလံကိုချိတ်ဆွဲပြီး အပေါ့စားသယ်ယူပို့ဆောင်ရေးရဟတ်ယာဉ် နှစ်စင်းတို့က ခြံရံလိုက်ပါပျံသန်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို အလေးပြုကြသည်။ *စာမျက်နှာ ၄ သို့*

❖ **တပ်မတော်က ဆောင်ရွက်အကောင်အထည်ဖော်နေသည့် နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တပ်မတော်(လေ)အနေဖြင့်လည်း ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ဆက်လက်ပါဝင်ထမ်းဆောင်သွားကြရန်၊ ယခု တပ်တော်ဝင်ပေးလိုက်သည့် လေယာဉ်ရဟတ်ယာဉ်များကို မြတ်နိုးတန်ဖိုးထားစွာ ကိုင်တွယ်အသုံးပြုပျံသန်းပြီး တပ်မတော်၏ဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်ကို ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်နိုင်သည့် စွမ်းရည်မြင့်မားသော ခေတ်မီတပ်မတော်(လေ)အဖြစ် အစဉ်ရပ်တည်နိုင်အောင် ကြိုးစားအားထုတ်တည်ဆောက်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်နှစ်စင်းတို့က နိုင်ငံတော်အလံနှင့် တပ်မတော်အလံကိုချိတ်ဆွဲပြီး အပေါ့စားသယ်ယူပို့ဆောင်ရေးရဟတ်ယာဉ် နှစ်စင်းတို့က ခြံရံလိုက်ပါ ပျံသန်း၍ အလေးပြုစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ဂျက်တိုက်လေယာဉ်သုံးစင်းတို့က Composite Trail Formation အုပ်ဖွဲ့ပုံစံဖြင့် တပ်မတော်(လေ)ကို ကိုယ်စားပြုသည့် အဝါရောင်၊ အဖြူရောင်၊ အပြာရောင် မီးခိုးများကို ထုတ်လွှတ်၍ အလေးပြုစဉ်။

*စာမျက်နှာ ၃ မှ*

ယင်းနောက် အပေါ့စားသယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်လေးစင်းတို့က အမျိုးအစားမတူညီသည့် Composite Box Formation အုပ်ဖွဲ့ပုံစံဖြင့် လည်းကောင်း၊ တပ်မတော်(လေ)မှ စမ်းသပ်တီထွင် ထုတ်လုပ်ထားသည့် ကင်းထောက်လေယာဉ် နှစ်စင်းနှင့် အမောင်းသင်လေယာဉ် တစ်စင်းတို့က အမျိုးအစားမတူညီသည့် Composite Trail Formation အုပ်ဖွဲ့ပုံစံဖြင့်လည်းကောင်း၊ သယ်ယူပို့ဆောင်ရေးလေယာဉ် တစ်စင်းနှင့် အလတ်စားသယ်ယူပို့ဆောင်ရေး လေယာဉ် နှစ်စင်းတို့က အမျိုးအစားမတူညီသည့် Composite Arrow Head Formation အုပ်ဖွဲ့ပုံစံဖြင့် လည်းကောင်း၊ ဂျက်တိုက်လေယာဉ်သုံးစင်းတို့က Composite Trail Formation အုပ်ဖွဲ့ပုံစံဖြင့် တပ်မတော်(လေ)ကို ကိုယ်စားပြုသည့် အဝါရောင်၊ အဖြူရောင်၊ အပြာရောင် မီးခိုးများကို ထုတ်လွှတ်၍ လည်းကောင်း၊ ကြားဖြတ်တိုက်ခိုက်ရေးလေယာဉ် နှစ်စင်းနှင့် ဘက်စုံသုံးဂျက်တိုက်လေယာဉ် နှစ်စင်းတို့က အမျိုးအစားမတူညီသည့် Composite Box Formation အုပ်ဖွဲ့ပုံစံဖြင့် လည်းကောင်း၊ တိုက်လေယာဉ်သုံးစင်းတို့က Composite Arrow Head Formation အုပ်ဖွဲ့ပုံစံဖြင့် ပျံသန်းမောင်းနှင်ကြပြီး ရှုရပ်၏ ရှေ့တူရူတည့်တည့်မှ ပျံသန်းဝင်ရောက်ကာ ယပ်တောင်ဖြန့်ခွဲပုံစံဖြင့် လည်းကောင်း၊ အမောင်းသင် လေယာဉ်တစ်စင်း၊ ဘက်စုံသုံးဂျက်တိုက်လေယာဉ် တစ်စင်းနှင့် စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံးအကြီးစား ဂျက်တိုက်လေယာဉ်တစ်စင်းတို့က အမျိုးအစားမတူ၊ အရွယ်အစားမတူ၊ ပျံသန်းနှုန်း မတူညီသည့် လေယာဉ် အမျိုးအစားသုံးမျိုးတို့က Composite Arrow Head Formation အုပ်ဖွဲ့ပုံစံဖြင့်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ပျံသန်းအလေးပြုခြင်းများ ဆောင်ရွက်ကြသည်။



**စွမ်းရည်သရုပ်ပြပျံသန်း**

ထို့နောက် တိုက်လေယာဉ်တစ်စင်းက အမြန်နှုန်း တစ်နာရီ ၉၀၀ ကီလိုမီတာနှုန်း High Speed Flight ဖြင့် ပျံသန်းကာ ရုတ်ခြည်းအပေါ်တည့်တည့်သို့ ထောင်တက်၍ Zoom Climb Maneuver ကို စွမ်းရည်သရုပ်ပြပျံသန်းပြီး စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံးအကြီးစား တိုက်လေယာဉ်ဖြစ်သည့် Su-30 SME တိုက်လေယာဉ်တစ်စင်းက ရန်သူမှ တန်ပြန်ပစ်ခတ်လာနိုင်သည့် လေကြောင်းရန်

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တပ်မတော်(လေ)၏ (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ငှက်အကောင်ရေ ၇၇ ကောင်အား ဘေးမဲ့လွှတ်ပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်တော်ဝင် လေယာဉ်၊ ရဟတ်ယာဉ်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(လေ)၏ (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်တော်ဝင်လေယာဉ်၊ ရဟတ်ယာဉ်များအား လှည့်လည်ကြည့်ရှုစဉ်။

*စာမျက်နှာ ၄ မှ*

ကာကွယ်ရေးလက်နက်များအား ရှောင်ရှားပျံသန်းရာတွင်လည်းကောင်း၊ မိမိလေယာဉ်နောက်မှ လိုက်ပါလာသည့် ရန်သူကို လှည့်စားပြီး ရန်သူ့လေယာဉ်၏ ဘယ် သို့မဟုတ် ညာဘက်သို့ ကွေ့ဝိုက်ကာ ရန်သူ့လေယာဉ်အနောက်တည့်တည့်မှ ပြန်လည်နေရာယူ တိုက်ခိုက်သည့်ပုံစံ Oblique Loop Maneuver ဟုခေါ်သည့် စစ်ကစားမှုပုံစံဖြင့်ပျံသန်း၍ လည်းကောင်း၊ မိမိလေယာဉ်နောက်မှ ထက်ကြပ်မကွာ လိုက်လာသည့် ရန်သူကို လှည့်စားသည့်အနေဖြင့် ဘယ် သို့မဟုတ် ညာ သို့ Roll ပြုလုပ်ကာ Multi Roll ဟုခေါ်သည့် စစ်ကစားမှုပုံစံဖြင့် ပြုလုပ်ပျံသန်း၍လည်းကောင်း၊ သာမန်ဂျက်တိုက်လေယာဉ်များ မပြုလုပ်နိုင်သည့် ပျံသန်းမှုအမျိုးအစားဖြစ်သည့် High AOA Loop ပုံစံဖြင့် သရုပ်ပြပျံသန်း၍လည်းကောင်း၊ ရှုရပ်၏ အနောက်တည့်တည့်မှ ဝင်ရောက်ပြီး မီးကျည်များ ပစ်လွှတ်၍လည်းကောင်း စွမ်းရည်သရုပ်ပြပျံသန်းသည်။

ဆက်လက်၍ ဇီဝိတဒါနငှက်လွှတ်ခြင်း ဆောင်ရွက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက တပ်မတော်(လေ)၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ငှက်အကောင်ရေ ၇၇ ကောင်တို့အား ဘေးမဲ့လွှတ်ပေးကြပြီး တပ်တော်ဝင်လေယာဉ်၊ ရဟတ်ယာဉ်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ယင်းနောက် တပ်တော်ဝင်လေယာဉ်၊ ရဟတ်ယာဉ်များအား လှည့်လည်ကြည့်ရှုကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သရုပ်ပြအုပ်ဖွဲ့ပျံသန်းမှုတွင်ပါဝင်သော လေသူရဲများအား ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

**စမ်းသပ် ထုတ်လုပ်တပ်ဆင်ခဲ့**

ယနေ့ လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားတွင် ပါဝင်ပျံသန်းခဲ့သည့် MTX-1A နှင့် MTX-1B လေယာဉ်များသည် တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များကိုယ်တိုင် စမ်းသပ်တီထွင်ထုတ်လုပ်ထားသော ကင်းထောက်လေယာဉ်အမျိုးအစားဖြစ်သည်။ Reverse Engineering နည်းလမ်းဖြင့် လေယာဉ်ထုတ်လုပ်မှုနည်းပညာနှင့် အတွေ့အကြုံများရရှိရန် ရည်ရွယ်၍ စမ်းသပ်ထုတ်လုပ်တပ်ဆင်ခဲ့ခြင်းဖြစ်ပြီး MTX-1A လေယာဉ်အား Cockpit Flight Display System ၊ Communication & Navigation System တို့ကို Design ထုတ်လုပ်၍ System Integration ပြုလုပ်တပ်ဆင်ကာ ၂၀၂၁ ခုနှစ် မတ် ၂၅ ရက်တွင် အောင်မြင်စွာ စမ်းသပ်ပျံသန်းနိုင်ခဲ့သည်။

MTX-1A လေယာဉ်ထုတ်လုပ်မှု အတွေ့အကြုံများကို အခြေခံ၍ ပိုမိုခေတ်မီအဆင့်မြင့်သည့် MTX-1B လေယာဉ်အား တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များက အဆင့်မြင့် Cockpit Display များ၊ ဆက်သွယ်ရေးစနစ်များနှင့် ကိုယ်ထည်ပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုများပြုလုပ်ကာ ထပ်မံဆန်းသစ်တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

လေယာဉ်ထုတ်လုပ်မှု ရည်ရွယ်ချက်များအတိုင်း လေယာဉ်ကိုယ်ထည်ပိုင်း၊ လျှပ်စစ်နှင့် အင်ဂျင်အပိုင်း၊ လေကြောင်းလမ်းပြစနစ်၊ ဆက်သွယ်မှုစနစ်များနှင့် မောင်းနှင်ထိန်းသိမ်းမှုပြသသည့်စနစ်များအား ဒီဇိုင်းရေးဆွဲထုတ်လုပ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ လေယာဉ်ထုတ်လုပ်မှုအဆင့်တိုင်းတွင် အရည်အသွေးစစ်ဆေးခြင်းနှင့် Functional and Operational Test လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး Turboprop အင်ဂျင်နှင့် Glass Cockpit System တို့ တပ်ဆင်ထားသည့် MTX-1B လေယာဉ်အား ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ MTX-1B လေယာဉ်အား ၂၀၂၄ ခုနှစ် မတ်လတွင် စမ်းသပ်ပျံသန်းခြင်းများကို အောင်မြင်စွာ ပြီးစီးခဲ့ကြောင်း သိရှိရသည်။

**လှည့်လည်ကြည့်ရှု**

ထို့အပြင် ဒီဇင်ဘာ ၁၄ ရက် ညနေပိုင်းကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် တပ်မတော်(လေ)၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် လေယာဉ်/ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနား အထိမ်းအမှတ်အဖြစ် ပြခန်းများအတွင်း ပြသထားသည့် လေကြောင်းသမိုင်း မှတ်တမ်းများ၊ ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်(လေ)ဝတ်စုံများ၊ တပ်မတော်(လေ) သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) တာဝန်ထမ်းဆောင်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ သမိုင်းဝင်လေယာဉ်၊ ရဟတ်ယာဉ်များနှင့် ၎င်းတို့ဆင်နွှဲခဲ့သည့် တိုက်ပွဲမှတ်တမ်းများ၊ လေယာဉ်၊ ရဟတ်ယာဉ်များတွင် အသုံးပြုလျက်ရှိသည့် Avionics ပစ္စည်းများ၊ ခေတ်မီမျိုးဆက်သစ် တိုက်ခိုက်ရေး လေယာဉ်ပုံစံငယ်များနှင့် လေသူရဲအသုံးအဆောင်ပစ္စည်းများ၊ တပ်မတော်(လေ)တွင် အသုံးပြုလျက်ရှိသည့် လက်နက်၊ ခဲယမ်းများ၊ တပ်မတော် (လေ)မှ စွမ်းရည်ဘွဲ့တံဆိပ်ရရှိခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ လေယာဉ်၊ ရဟတ်ယာဉ်များ၊ တပ်တော်ဝင်အခမ်းအနား မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ) အရာရှိ၊ စစ်သည်၊ အစားခန့်များအား လေ့ကျင့်ပျိုးထောင်မှု မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော် (လေ)၏ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)၏ တိုးတက်ပြောင်းလဲလာမှု မှတ်တမ်းဓာတ်ပုံများ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) အဆက်ဆက်က ဆုရလေသူရဲများအား ဆုချီးမြှင့်ပေးအပ်သည့် မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော် (လေ)မှ ထုတ်လုပ်ထားသည့် လေကြောင်းအီလက်ထရောနစ်ဆိုင်ရာ စက်ပစ္စည်းများအား လှည့်လည်ကြည့်ရှုကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် တပ်မတော်(လေ)၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်စာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးကြပြီးနောက် လေတပ်စခန်းဌာနချုပ်များအလိုက် အမှတ်တရပစ္စည်းအရောင်းဆိုင်နှင့် မြန်မာ့ရိုးရာစားသောက်ဖွယ်ရာအရောင်းဆိုင်၊ စာအုပ်အရောင်းဆိုင်နှင့် တပ်မတော်မှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များအား ဆက်လက်ကြည့်ရှုအားပေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၇)နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် အန္တရာယ်ကင်းပရိတ်တရားနာယူ ဆွမ်းကပ်လှူဒါန်းခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

(၇၇)နှစ်မြောက်တပ်မတော်(လေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာ တပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၌ ကျင်းပပြုလုပ်ရာ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(လေ)များ၊ လေတပ်ကွပ်ကဲမှု ဌာနချုပ်မှူးများ၊ လေတပ်စခန်း ဌာနချုပ်မှူးများ၊ မိတ္ထီလာတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**တပ်ခွဲများအား စစ်ဆေး**

ဦးစွာ စစ်ရေးပြအခမ်းအနားအား အစီအစဉ်အတိုင်း ကျင်းပပြုလုပ်ရာ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားအပေါင်းအား အလေးပြုခြင်း၊ သစ္စာလေးချက် ရွတ်ဆိုခြင်းများ ဆောင်ရွက်၍ ကာကွယ်ရေး ဦးစီးချုပ်(လေ)က စစ်ရေးပြတပ်ခွဲများအား စစ်ဆေးသည်။

**မိန့်ခွန်းပြောကြား**

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ)က (၇၇) နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားခဲ့ပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

အလားတူ (၇၇) နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် ပရိတ်တရားနာယူခြင်းနှင့် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်တွင် ကျင်းပပြုလုပ်ရာ မိတ္ထီလာမြို့နယ်သံဃနာယကအဖွဲ့ဝင် မဟာကမ္မဋ္ဌာနာစရိယ သဲကုန်းကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တတေဇဝန္တ အမှူးပြုသော သံဃာတော်အရှင်မြတ်များက ကြွရောက်ချီးမြှင့်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်နှင့် ဇနီး၊ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် သဲကုန်းကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီးနောက် သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များအား နာယူကြသည်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ယင်းနောက် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သဲကုန်းကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော်ထံမှ အနုမောဒနာတရား နာယူကြသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှဝေကြပြီးနောက် သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် (၇၇)နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မိတ္ထီလာခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။



ဦးစွာပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနအနေဖြင့် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ခံဝန်ကြီးဌာနအဖြစ် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တတ်စွမ်းသမျှ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိတ္ထီလာဒေသသည် စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများကို အစပျိုးဆောင်ရွက်ခဲ့သည့် ဒေသဖြစ်၍ ယခင်ထက် ပိုမိုဖွံ့ဖြိုး တိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်တွင်းဝတ်ဆင်ရေးကဏ္ဍနှင့် စားသုံးဆီဖူလုံစေရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် ချည်မျှင်ထုတ်လုပ်သည့် စက်ရုံများ၊ အဝတ်အထည်ထုတ်လုပ်သည့် စက်ရုံများအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေး တိုးတက်ကောင်းမွန်စေရေးအတွက် သုတေသနနှင့် တီထွင်ဆန်းသစ်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထုတ်လုပ်မှု လုပ်ငန်းများသည် ဈေးကွက်ရှိမှသာ ရေရှည်ရပ်တည်လည်ပတ်နိုင်၍ ဈေးကွက်သုတေသန လုပ်ငန်းများကို ဆောင်ရွက်ရမည့်အပြင် ဈေးကွက်လိုအပ်ချက်အတိုင်း ထုတ်လုပ်ပေးနိုင်ရေး စီမံဆောင်ရွက်ထားရမည် ဖြစ်ကြောင်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံမှူးများနှင့် ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ငူမြို့၌ (၂၁၁၉)နှစ်မြောက် ရှမ်းနှစ်သစ်ကူး အခမ်းအနားကျင်းပ

**တောင်ငူ ဒီဇင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကေတုမတီဘိုးဘွားရိပ်သာခန်းမ၌ ရှမ်းလူငယ်အသင်း (တောင်ငူ)မှ ဦးဆောင်ကာ (၂၁၁၉)နှစ်မြောက် ရှမ်းနှစ်သစ်ကူးအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ လုင်းစိုင်းယီကျော်တို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ထို့နောက် (၂၁၁၉) နှစ်မြောက် ရှမ်းနှစ်သစ်ကူးအခမ်းအနားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ စိုင်းအောင်အောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ တောင်ငူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညဏ်လင်းအောင်နှင့် တာဝန်ရှိသူများက တောင်ငူမြို့နယ်အတွင်းရှိ ရှမ်းစာပေထူးချွန်သည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရှမ်းတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် သီဆိုဖျော်ဖြေကြပြီး တောင်ငူမြို့နယ်အတွင်းရှိ ရှမ်းတိုင်းရင်းသားများက ကြည့်ရှုအားပေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ နှစ်(၅၀)ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့အခမ်းအနား တက်ရောက်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ နှစ် (၅၀) ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့အခမ်းအနားတွင် ရက္ခပူရတေးဂီတအဖွဲ့၏ “ရွှေရတုချိန်ခါ ရခိုင်ပြည်နယ်ပါ” တေးသီချင်းဖြင့် သီဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။

**စစ်တွေ ဒီဇင်ဘာ ၁၅**

နှစ်(၅၀)ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေနှင့် ခွန်စံလွင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ ဦးဇော်အေးမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဂုဏ်ထူးဆောင်ဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်းခံရသူများ တက်ရောက်ကြသည်။

ဦးစွာ နှစ် (၅၀) ပြည့်ရွှေရတုရခိုင်ပြည်နယ်နေ့အခမ်းအနားကို ရက္ခပူရတေးဂီတအဖွဲ့၏ “ရွှေရတုချိန်ခါ ရခိုင်ပြည်နယ်ပါ” တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးကြသည်။

**သဝဏ်လွှာဖတ်ကြား**

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ နှစ်(၅၀)ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက ဖတ်ကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကိုပြသပြီး နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်အတွက် ပေးအပ်သည့် 50 W ဆိုလာနှင့် ဆက်စပ်ပစ္စည်းများကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းထံ ပေးအပ်သည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရွှေနှင့် ဒေါက်တာမှုထန်တို့က ပြည်နယ်စီမံထူးချွန်ဆု (ပထမဆင့်) ရရှိသူများ၊ ပြည်နယ် စက်မှုစီးပွားထူးချွန်ဆု (ပထမဆင့်)ရရှိသူများ၊ ပြည်နယ်လူမှုထူးချွန်ဆု (ပထမဆင့်) ရရှိသူများအား ဂုဏ်ထူးဆောင်ဆုလက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ရခိုင်တိုင်းရင်းရိုးရာအကအဖွဲ့က “သျှိုင်ဒိုင်” တေးသီချင်းဖြင့် ကပြဖျော်ဖြေကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ Jeng Phang နော်တောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင်ဒေါ်အေးနုစိန်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့်ဇနီးတို့က ပြည်နယ်စီမံထူးချွန်ဆု (ဒုတိယဆင့်)ရရှိသူများ၊ ပြည်နယ် လယ်ယာစီးပွားထူးချွန်ဆု (ဒုတိယဆင့်) ရရှိသူများ၊ ပြည်နယ် စက်မှုစီးပွားထူးချွန်ဆု (ဒုတိယဆင့်) ရရှိသူများ၊ ပြည်နယ်လူမှုထူးချွန်ဆု(ဒုတိယဆင့်)ရရှိသူများအား ဂုဏ်ထူးဆောင်ဆုလက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြည်နယ်စီမံထူးချွန်ဆု (တတိယဆင့်) ရရှိသူများ၊ ပြည်နယ်လူမှုထူးချွန်ဆု (တတိယဆင့်) ရရှိသူများအား ဂုဏ်ထူးဆောင်ဆုလက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်ကြသည်။

**ကပြဖျော်ဖြေ**

ထို့နောက် ရခိုင်တိုင်းရင်းသားရိုးရာအကအဖွဲ့က “ရိုးမရံစီ” တေးသီချင်းဖြင့် ကပြဖျော်ဖြေကြပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ဂုဏ်ပြုမှတ်တမ်းလွှာဆုရရှိကြသူများကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြကာ ရခိုင်တိုင်းရင်းသားရိုးရာအကအဖွဲ့က “ဇမ်း” တေးသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဦးဆောင်သောအဖွဲ့သည် စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသည့် လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားကာ အာဟာရဖြည့်စွက်စာများ ပေးအပ်ကြပြီး အထွေထွေရောဂါကုဆေးရုံကြီးမှ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဦးဆောင်သောအဖွဲ့သည် စစ်တွေမြို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်သို့သွားရောက်ပြီး ရှေးဟောင်းအမွေအနှစ်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုကြကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် စစ်တွေမြို့ ဘက်စုံသုံး ဆိပ်ကမ်းတွင် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် သင်္ဘောများ၊ ရေယာဉ်များဖြင့် လူသုံးကုန်ပစ္စည်းများ ရောက်ရှိလာမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး**(ဝဲပုံ)** ညနေပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပသော နှစ် (၅၀) ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ ပြည်နယ်စီမံထူးချွန်ဆု (ပထမဆင့်)ရရှိသူ ဒေါက်တာဇော်ထွန်းအား ဂုဏ်ထူးဆောင်ဆုလက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန် ပြည်နယ်စီမံထူးချွန်ဆု (ပထမဆင့်) ရရှိသူ ဦးဘသိမ်းအား ဂုဏ်ထူးဆောင်ဆုလက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ပြည်နယ်စီမံထူးချွန်ဆု(ဒုတိယဆင့်)ရရှိသူ ဦးစိုးဝင်းအား ဂုဏ်ထူးဆောင်ဆုလက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်စဉ်။




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ရခိုင်ပြည်နယ်အတွက် ပေးအပ်သည့် 50 W ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ထံ ပေးအပ်စဉ်။



# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ပွဲစဉ်များ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားကွင်းနှင့် အားကစားရုံများ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများချီးမြှင့်ကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ပွဲစဉ်များကို နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် **ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ** ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညီညီက အမျိုးသား (၇၀) ကီလိုအထိ ကာလဗလပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အမျိုးသား (၇၅) ကီလိုအထိ ကာယဗလပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်က အမျိုးသား (၇၅) ကီလိုအထက် ကာယဗလပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးတင်ထွန်းက အမျိုးသား(၁၇၀)စင်တီမီတာအထိ Sport Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမျိုးသား (၁၇၀) စင်တီမီတာအထက် Sport Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က အမျိုးသမီး (၁၆၀) စင်တီမီတာအထိ Model Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက အမျိုးသမီး (၁၆၀) စင်တီမီတာအထက် Model Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အမျိုးသမီး Fitness Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

အလားတူ **ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ** ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးကျော်မျိုးထွဋ်က အမျိုးသားလုံးတံပစ်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားမီတာ (၁၁၀) တန်းကျော် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်သိန်းက အမျိုးသား ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် *စာမျက်နှာ ၉ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ အမျိုးသမီး (၁၆၀) စင်တီမီတာအထက် Model Physique ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ အမျိုးသမီး Fitness Physique ပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသား မီတာ(၄၀၀)လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ပထမဆုရ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီး မီတာ(၂၀၀) အပြေးပြိုင်ပွဲတွင် ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၏ အကြိမ်(၃၀)မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၅**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး) တို့၏ အကြိမ် (၃၀) မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးမြို့ရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**



အခမ်းအနားသို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာ ဘိဝံသ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တက္ကသိုလ်များမှ အုပ်ချုပ်ရေးဇဟိုအဖွဲ့ဆရာတော်များ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယဆရာတော်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဆရာတော်များ၊ ပြင်ပကျမ်းစစ်ဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့မှ သင်ကြား/စီမံဆရာတော်များ၊ ဘွဲ့ခံသံဃာတော်များ၊ ပြင်ပ ပညာရှင် များ ကြွရောက် ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရှစ်ပါးသီလခံယူ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး အမှူးပြုသော ဧည့်ပရိသတ်များက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာ ဘိဝံသထံမှ ရှစ်ပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်က ဆုတောင်းပတ္ထနာပြုကာ သာရဏီယ ဩဝါဒကထာကို လည်းကောင်း၊ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်များ အုပ်ချုပ်ရေးဇဟိုအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒနသာရက သမ္မောဒနီယ ဩဝါဒကထာကို လည်းကောင်း၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်း ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမုဒက အကြိမ် (၃၀) မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း မြွက်ကြားကြသည်။

**ဆန္ဒပြုလျှောက်ထား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ဝန်ကြီးဌာနအနေဖြင့် သာသနာတော်ဆိုင်ရာ ထောက်ပံ့လှူဒါန်းမှုများကို တတ်စွမ်းသရွေ့ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များမှ ဘွဲ့ခံသံဃာတော်များ နှစ်စဉ်ပေါ်ထွန်းရေး၊ နယ်စပ်တောင်တန်းဒေသများတွင် သာသနာထွန်းကားပြန့်ပွားနိုင်ရေးတို့ကို ပူးပေါင်းဆောင်ရွက်မည် ဖြစ်ပါကြောင်း ဆန္ဒပြုလျှောက်ထားသည်။

ယင်းနောက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒန သာရထံတွင် ဘွဲ့ခံစာရင်းကို အတည်ပြုလက်မှတ်ရေးထိုးပြီး ပါမောက္ခချုပ် ဆရာတော်များထံ အသီးသီး ဘွဲ့ခံယူကြကာ ဘွဲ့ခံရဟန်းတော်များသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိဆရာတော်ကြီး ရှေ့မှောက်တွင် သာသနာပြုဂုဏ်တိသစ္စာခံယူကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်ဘဒ္ဒန္တစန္ဒနသာရထံမှ အနုမောဒနာတရား နာကြားပြီး ရေစက်သွန်းလောင်း အမျှပေးဝေကြကာ ဆရာတော်ကြီးများ အမှူးပြုသော သံဃာတော်များအား ဆွမ်းဆန်တော်လောင်းလှူပူဇော်ကြသည်။

ယနေ့ သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်တွင် သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့ရ ၁၄ ပါး၊ သာသနတက္ကသီလ နတက္ကသီလ ဓမ္မာစရိယ B.A (Buddhism) ဘွဲ့ရ ၁၁၄ ပါး စုစုပေါင်းဘွဲ့ရ အရှင်သူမြတ် ၁၂၈ ပါး ဘွဲ့ခံယူခဲ့ကြပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များမှ အကြိမ်(၃၀) မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားထိ ဘွဲ့ခံယူခဲ့ကြသည့် ရဟန်းတော် စုစုပေါင်း ၃၃၁၆ ပါး ပေါ်ထွန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း တက္ကသိုလ်များဆေးရုံ(ရန်ကုန်)တွင် သွားနှင့်ခံတွင်းလူနာများနှင့် မျက်စိရောဂါလူနာများ ကုသပေးမှုကို ကြည့်ရှုအားပေး၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၏ လေးထပ်ကုသဆောင်သစ် ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ယမန်နေ့ နံနက်ပိုင်းတွင် တက္ကသိုလ်များဆေးရုံ(ရန်ကုန်)သို့ သွားရောက်၍ တက္ကသိုလ် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် အများပြည်သူများအတွက် သွားနှင့်ခံတွင်းဌာန ဖွင့်လှစ်ကုသနေမှုကို သွားရောက်ကြည့်ရှုပြီး ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ အစီအစဉ်ဖြင့် ဖိတ်ခေါ်ထားရှိသည့် သက်ကြီးရွယ်အို ၂၉ ဦး၊ တက္ကသိုလ်ပေါင်းစုံမှ အငြိမ်းစားတက္ကသိုလ်ဆရာ ဆရာမ၊ ဝန်ထမ်းမိသားစုများ ၁၅ ဦး စုစုပေါင်း ၄၄ ဦးကို အံကပ်များ တပ်ဆင်ပေးနေမှု ကြည့်ရှုအားပေးသည်။ **(ဓာတ်ပုံ)**

ထို့နောက် ပြည်သူလူထုအခြေပြုပဏာမမျက်စိကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်ဖြင့် မျက်စိအတွင်းတိမ်လူနာ ၁၅ ဦးကို တက္ကသိုလ်များဆေးရုံ (ရန်ကုန်)တွင် ဖွင့်လှစ်ထားသည့် မျက်စိခွဲစိတ်ကုသဆောင်၌ ခွဲစိတ်ကုသနေမှုများကို လှည့်လည်ကြည့်ရှုပြီး ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်မော်မော်သန်း၊ ဥက္ကဋ္ဌ ဒေါ်နုနုဆွေနှင့် အဖွဲ့ဝင်များနှင့်အတူ ခွဲစိတ်ပြီးလူနာများကို မျက်မှန်နှင့် အာဟာရပြည့်စားသောက်ဖွယ်ရာများ လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တက္ကသိုလ်များဆေးရုံ(ရန်ကုန်)၏ ပြင်ပလူနာဌာန၊ ခတ်ခွဲခန်း၊ ခွဲစိတ်ခန်း၊ ဆေးကုသဆောင်နှင့် အထူးကုပြင်ပလူနာဌာန အဆောက်အဦများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားသည်။



**အထပ်လိုက် လိုက်လံစစ်ဆေး**

ထို့နောက် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့ သွားရောက်၍ ဆေးရုံဝင်းအတွင်း အသစ်တည်ဆောက်ပြီးစီးထားသည့် လေးထပ်ကုသဆောင်သစ်အဆောက်အဦအတွင်း အခန်းများ ဖွဲ့စည်းထားရှိမှုနှင့် အသုံးပြုမည့်အစီအစဉ်တို့ကို အထပ်လိုက် လိုက်လံစစ်ဆေးပြီး အဆောက်အဦသစ်အတွင်း အခန်းများ နေရာချထားမှုနှင့်ပတ်သက်၍ အသေးစိတ် ဆွေးနွေးမှာကြားသည်။

အဆိုပါအဆောက်အဦသည် ၁၈၂ ပေ x ၆၄ ပေ လေးထပ် RC အဆောက်အဦဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၁)က တာဝန်ယူဆောက်လုပ်ခဲ့ကာ ကျန်းမာရေးဝန်ကြီးဌာန ရန်ပုံငွေ စုစုပေါင်းငွေကျပ် ၂၁၁၆ ဒသမ ၆၆၄ သန်း ကုန်ကျခံဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

တတိယဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသမီး ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် တတိယဆု ရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက အမျိုးသားတန်းမြင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားမီတာ (၂၀၀) အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက အမျိုးသမီးမီတာ(၂၀၀) အပြေးပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသမီး မီတာ (၄၀၀) လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အမျိုးသားမီတာ(၄၀၀) လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားနည်းများအလိုက် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို ဒီဇင်ဘာ ၁၆ ရက်တွင် သက်ဆိုင်ရာ အားကစားရုံများနှင့် အားကစားကွင်းများ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ခေတ်စနစ်နှင့်အညီ တိုးတက်ခဲ့ပြီ နှစ် (၁၂၀) တိုင်ဆီ

မောင်ရဲထက်နိုင်၊ DBA-1၊ သမဝါယမကောလိပ်(ဖောင်ကြီး)

၁၈၄၄ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ ရော့ဒ်ဒေးမြို့ Toad Lond ၌ ရက်ကန်းသမား ၂၈ ဦးတို့က ရော့ဒ်ဒေးသမဝါယမကုန်စုံဆိုင် ဖွင့်လှစ်အောင်မြင်ခဲ့ခြင်းမှ အစပြု၍ သန္ဓေတည်ခဲ့သည့် ကမ္ဘာ့သမဝါယမလှုပ်ရှားမှုများ ဆောင်ရွက်ခဲ့သည်မှာ ယခုဆိုလျှင် နှစ်ပေါင်း ၁၈၀ တိုင်ခဲ့ပြီ ဖြစ်ပါသည်။

**နှစ်ပေါင်း (၁၂၀) ပြည့်ခဲ့ပြီ**

မြန်မာနိုင်ငံရှိ သမဝါယမလုပ်ငန်းများကိုလည်း ၁၉၀၄ ခုနှစ်နှောင်းပိုင်းနှင့် ၁၉၀၅ ခုနှစ် နှစ်ဆန်းပိုင်းတို့မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ယနေ့ဆိုလျှင် သမဝါယမကို မြန်မာနိုင်ငံတွင် ဖွဲ့စည်းခဲ့သည်မှာ နှစ်ပေါင်း (၁၂၀) ပြည့်ခဲ့ပြီဖြစ်ပါသည်။ ခေတ်အဆက်ဆက် သမဝါယမအသင်းများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် သမဝါယမဦးစီးဌာန၊ ဝန်ကြီးဌာနဖွဲ့စည်းထူထောင်ပြီး လမ်းညွှန်ကြီးကြပ်မှုများဖြင့် ဆောင်ရွက်ခဲ့ရာ ၁၇-၆-၂၀၂၁ ရက်နေ့တွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ဝန်ကြီးဌာနအသစ်အဖြစ် ပြန်လည်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ခေတ်နှင့်အညီ မူဝါဒအသစ်များဖြင့် သမဝါယမလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးလာစေရေး ပန်းတိုင်ဆီသို့ လျှောက်လှမ်းခဲ့ရာ သုံးနှစ်တာ ခရီးရောက်ရှိခဲ့ပြီဖြစ်သည်။

သမဝါယမဦးစီးဌာနက ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်အကျိုးရှိမည့် မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒများ၊ လုပ်ငန်းစဉ်များကို Action Plan (၉) ချက်ချမှတ်၍ ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် သမဝါယမအသင်းများ ဖွဲ့စည်းခြင်း (Organizing)၊ စည်းရုံးပညာပေးခြင်း (Educating)၊ တည့်မတ်ပြုပြင်ပေးခြင်း (Regulating) တို့ကို သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။ သမဝါယမအသင်းများ ဖောင်းပွမှုမရှိဘဲ ကျစ်လျစ်ခိုင်မာစေရေးအတွက် ၂၀၂၁ ခုနှစ် ဇွန်လမှ ၂၀၂၄ ခုနှစ် မေလအထိ အလုပ်မလုပ်သည့် စာရင်းရှင်းလင်းဖျက်သိမ်းသင့်သည့် သမဝါယမအသင်း ၁၂၆၂ သင်းအား စာရင်းရှင်းလင်းဖျက်သိမ်းခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် ဖွဲ့စည်းခဲ့ပြီးသော အသင်းဟောင်းများထဲမှ အမှန်တကယ် အလုပ်လုပ်ကိုင်လိုသူများအား စည်းရုံးပြီး စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း ၁၆၁၇ သင်း၊ မွေးမြူရေးနှင့် အထွေထွေသမဝါယမအသင်းသစ် ၇၉ သင်း၊ ကုန်ထုတ်လုပ်မှုသမဝါယမအသင်း ၄၃၀၊ ဝန်ဆောင်မှုသမဝါယမအသင်း ၄၆ သင်း၊ ကုန်သွယ်မှုသမဝါယမအသင်း ၁၀၇ သင်း၊ စုစုပေါင်းအသင်းသစ် ၅၈၃ သင်းအား ဖွဲ့စည်း၍ မှတ်ပုံတင်ပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကဏ္ဍအလိုက်ထုတ်လုပ်မှု သမဝါယမအသင်း ၃၁၉၆၃ သင်း၊ ဝန်ဆောင်မှုသမဝါယမအသင်း ၃၅၅၆ သင်းနှင့် ကုန်သွယ်မှုသမဝါယမအသင်း ၃၁၄၀ ကို ဖွဲ့စည်းဆောင်ရွက်ထားရှိပါသည်။

**သီးနှံမျိုးစေ့များ ထုတ်လုပ်နိုင်ရန်ဆောင်ရွက်**

စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း ၁၉၈၄၁ သင်းမှ အသင်းသား ၁၀၄၉၅၀၄ ဦးအတွက် နိုင်ငံတော်ဘတ်ဂျက်ခွင့်ပြုငွေကျပ် ၁၀၄၂ ဒသမ ၅၅ သန်း အပါအဝင်သမဝါယမအသင်းပိုင်ငွေကျပ် ၁၂၅၅၁၇ ဒသမ ၁၅၃ သန်းဖြင့် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ဝါနှင့်ဟင်းသီးဟင်းရွက်

> ❖ **ဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တောင်သူများအား လိုအပ်သည်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ကိုယ်တိုင်လုပ်၊ ကိုယ်တိုင်သိပြီး တောင်သူများဆီသို့ အတွေ့အကြုံများ မျှဝေနိုင်အောင် ရုံးပတ်ဝန်းကျင်တွင် ကြက်၊ ဘဲမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စံပြစက်မှုလယ်ယာများ ဖော်ဆောင်ခြင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်း၊ နွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ခြင်းတို့ကို စံနမူနာအဖြစ် စီမံဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဒေသထွက်ကုန်များကို ဝန်ထမ်းများ ဈေးနှုန်းချိုသာစွာဖြင့် လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ရေးအတွက်** MCRD (Coop Mart) **ဖွင့်လှစ်၍ ရောင်းချဆောင်ရွက်ပေး**

စိုက်ဧက သန်းပေါင်း ၂၆ ဒသမ ၅ ဧကကို စိုက်ပျိုးနိုင်ခဲ့ပြီး ရာသီအလိုက် စဉ်ဆက်မပြတ် စိုက်ပျိုးနိုင်အောင် ဆောင်ရွက်လျက်ရှိပါသည်။ မျိုးစေ့ထုတ်သမဝါယမအသင်း ၂၀၅ သင်း၏ မျိုးစေ့ထုတ်ဧက ၁၂၄၉၅ မှ မျိုးစပါး၊ မြေပဲ၊ နှမ်း၊ ပဲမျိုးစုံ၊ နေကြာစသည့် သီးနှံမျိုးစေ့များ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

သွင်းအားစုပံ့ပိုးမှုအနေဖြင့် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း ၆၂၃ သင်းမှ အသင်းသားများသည် တောင်သူ ၁၁၈၆၄ ဦးဆီသို့ နိုင်ငံတော်ဘတ်ဂျက်ခွင့်ပြုငွေကျပ် ၂၇၇ ဒသမ ၁၄၁ သန်းအပါအဝင် စုစုပေါင်းငွေကျပ် ၆၂၇၉ ဒသမ ၀၄၆သန်း တန်ဖိုးရှိသော မျိုးကောင်းမျိုးသန့်များနှင့် သဘာဝမြေသြဇာ ၆၃၃၉၃ အိတ်၊ ဓာတ်မြေသြဇာ ၆၀၈၂၂ အိတ်၊ ပိုးသတ်ဆေး ၁၁၀၈ ပုလင်းစသည့် စိုက်ပျိုးရေးသွင်းအားစုများကို သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ သမဝါယမအသင်း ၁၇၆ သင်းမှ အသင်းပိုင်လယ်မြေ ၁၄၂၄၀ ဒသမ ၅၂ ဧက၊ ယာမြေ ၇၇၂ ဒသမ ၃၇ ဧကရှိပြီး အဆိုပါအသင်းပိုင် လယ်ယာမြေများတွင် သမဝါယမစနစ်ဖြင့် BOD အဖွဲ့က ဦးဆောင်၍ စုပေါင်းဝယ်ယူခြင်း၊ စုပေါင်းဆောင်ရွက်ခြင်း၊ စုပေါင်းရောင်းချခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ သီးနှံရာသီအလိုက် ရောင်းချခြင်းများ ဆောင်ရွက်ပြီး အကျိုးအမြတ်ခွဲဝေပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

လယ်ယာအထောက်အကူပြု ဝန်ဆောင်မှု သမဝါယမအသင်း၄၉ သင်း၊ လုပ်ငန်းခွဲ ၁၁၃ သင်း၊ စုစုပေါင်း ၁၆၂ သင်းတို့မှ ထွန်ယက်ပြုပြင်ခြင်းနှင့် စပါးရိတ်သိမ်းခြွေလှေ့ခြင်းတို့ကို ထွန်စက်ကြီး ၅၈၈ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၁၁၄ စီးနှင့် အခြားစက်ကိရိယာ ၆၄ စီး စုစုပေါင်း ၇၆၆ စီးဖြင့် ထွန်ယက်ဧက ၁၃၉၆၃၁ ဧက၊ ရိတ်ခြွေဧက ၂၇၂၁၂ ဧကတို့ကို ဆောင်ရွက်ပေးခဲ့ပြီး လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများကို ရာသီအချိန်အလိုက် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**ပြည်ပပို့ကုန်တင်ပို့မှု**

ပြည်ပပို့ကုန်တင်ပို့မှုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် သီရိစန္ဒာအထည်ချုပ်လုပ်ငန်းနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းများက ငွေကျပ် ၇၉၈၉ ဒသမ ၅၇၄ သန်း တန်ဖိုးရှိအထည်မျိုးစုံကို ဂျပန်နိုင်ငံသို့လည်းကောင်း၊ ရွှေပြည်သာမြို့နယ်ရှိ ကျေးဖူးတော်နှင့် တင့်တယ်ခြင်း အထွေထွေစီးပွားရေးလုပ်ငန်း

> ❑ **ကမ္ဘာပေါ်ရှိ အောင်မြင်ပြီး ထိပ်တန်းနေရာကို ရောက်ရှိနေသော သမဝါယမအသင်းမှာ အမေရိကန်နိုင်ငံရှိ နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းချလျက်ရှိသော** Dairy Farmers of America **သမဝါယမအသင်းကြီးပင်ဖြစ်ပါသည်။အသင်းဝင် အသင်းပေါင်း ၁၄၅၀၀ ရှိပြီး နှစ်စဉ်ဝင်ငွေ ပျမ်းမျှ ၂၄ ဒသမ ၅ ဘီလီယံ ဒေါ်လာရရှိကာ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်အောင်မြင်လျက်ရှိပါသည်။ အာရှတိုက်၏ အကြီးမားဆုံး သမဝါယမအဖွဲ့အစည်းမှာ** IFFCO (Indian Farmers Fertilizer Co-operative **အသင်းကြီးဖြစ်ပြီး အသင်းဝင်နိုင်ငံ ၄၉ နိုင်ငံမှ အသင်းပေါင်း ၃၅၀၀၀ နှင့် အသင်းသားဦးရေသန်း ၅၀ ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ထိုအသင်းကြီး၏ နှစ်စဉ်ဝင်ငွေမှာ ရူပီးငွေ ၃၂၃၄ ကုဋေခန့် ရရှိလျက်ရှိ**

သမဝါယမအသင်းမှ ငွေကျပ်သန်း ၁၁၉ ဒသမ ၄၁၀ တန်ဖိုးရှိ တံမြက်စည်းများကို တောင်ကိုရီးယားနိုင်ငံသို့လည်းကောင်း၊ ရှမ်းပြည်နယ် ဟိုပုန်းမြို့နယ်ရှိ Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းက ငွေကျပ် ၁၃၃၉ ဒသမ ၇၂သန်း တန်ဖိုးရှိ ကော်ဖီမျိုးစုံကို ဆွစ်ဇာလန်နိုင်ငံသို့လည်းကောင်း၊ မူဆယ်မြို့ရှိ စိန့်ဇေယျာအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းက ငွေကျပ် ၂၀၉၈၀ ဒသမ ၄၂၆ သန်း တန်ဖိုးရှိ ငါးရှဉ့်များကို တရုတ်နိုင်ငံသို့လည်းကောင်း တင်ပို့ခဲ့ရာ ၁-၄-၂၀၂၃ မှ ၃၁-၃-၂၀၂၄ ရက်အထိ စုစုပေါင်းငွေကျပ် ၃၀၄၂၈ ဒသမ ၆၈၂ သန်း၊ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၄၄၆သန်းဖိုး တင်ပို့နိုင်ခဲ့ပါသည်။

ဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တောင်သူများအား လိုအပ်သည်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ကိုယ်တိုင်လုပ်၊ ကိုယ်တိုင်သိပြီး တောင်သူများဆီသို့ အတွေ့အကြုံများ မျှဝေနိုင်အောင် ရုံးပတ်ဝန်းကျင်တွင် ကြက်၊ ဘဲမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စံပြစက်မှုလယ်ယာများ ဖော်ဆောင်ခြင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်း၊ နွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ခြင်းတို့ကို စံနမူနာအဖြစ် စီမံဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဒေသထွက်ကုန်များကို ဝန်ထမ်းများ ဈေးနှုန်းချိုသာစွာဖြင့် လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ရေးအတွက် MCRD (Coop Mart) ဖွင့်လှစ်၍ ရောင်းချဆောင်ရွက်ပေးလျက်ရှိပါသည်။

ကမ္ဘာပေါ်ရှိ အောင်မြင်ပြီး ထိပ်တန်းနေရာကို ရောက်ရှိနေသော သမဝါယမအသင်းမှာ အမေရိကန်နိုင်ငံရှိ နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းချလျက်ရှိသော Dairy Farmers of America သမဝါယမအသင်းကြီးပင်ဖြစ်ပါသည်။အသင်းဝင်အသင်းပေါင်း ၁၄၅၀၀ ရှိပြီး နှစ်စဉ်ဝင်ငွေ ပျမ်းမျှ ၂၄ ဒသမ ၅ ဘီလီယံ ဒေါ်လာရရှိကာ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်အောင်မြင်လျက်ရှိပါသည်။ အာရှတိုက်၏ အကြီးမားဆုံး သမဝါယမအဖွဲ့အစည်းမှာ IFFCO (Indian Farmers Fertilizer Co-operative အသင်းကြီးဖြစ်ပြီး အသင်းဝင်နိုင်ငံ ၄၉ နိုင်ငံမှ အသင်းပေါင်း ၃၅၀၀၀ နှင့် အသင်းသားဦးရေသန်း ၅၀ ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ထိုအသင်းကြီး၏ နှစ်စဉ်ဝင်ငွေမှာ ရူပီးငွေ ၃၂၃၄ ကုဋေခန့် ရရှိလျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ကိုလိုနီခေတ် ၁၉၀၄ ခုနှစ်မှစ၍ မေမြို့ ပြင်ဦးလွင်၌ သမဝါယမမင်းကြီးရုံးကို စတင်ဖွင့်လှစ်ခဲ့ပြီး ပြောင်းလဲလာသော ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုရှိစေရန် ပြုပြင်ပြောင်းလဲဖွဲ့စည်းခဲ့ရာမှစ၍ ယခုအခါ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးအဖြစ် ဆက်လက်လုပ်ကိုင်လျက်ရှိရာ ၁၈-၁၂-၂၀၂၄ တွင် နှစ်ပေါင်း (၁၂၀) ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

မြန်မာ့သမဝါယမ အသင်းအဖွဲ့အစည်းများအနေဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ဦးဆောင်မှုတို့ဖြင့် သမဝါယမဦးစီးဌာန၊ သမဝါယမအသင်းနှင့် အသင်းသားများ၊ သမဝါယမကျောင်းသား ကျောင်းသူများက ၂၀၂၄ ခုနှစ်တွင် ကျရောက်သည့် နှစ်(၁၂၀)ပြည့် သမဝါယမဦးစီးဌာန နှစ်ပတ်လည်နေ့အား ဂုဏ်ပြုကြိုဆိုရင်း တင်ပြလိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ရခိုင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**စစ်တွေ ဒီဇင်ဘာ ၁၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရ၊ တာဝန်ရှိသူများနှင့် အတူ ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ရောက်ရှိရာ ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လည်းကောင်း၊ လူငယ်သင်တန်းကျောင်း သင်တန်းကျောင်းအုပ်က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်မှ အခမဲ့ပညာသင်ကြားရေးနှင့် နေထိုင်စားသောက်ရေးတို့ကို အလေးထားဆောင်ရွက်ပေးထားသည့်အပေါ် ကျေးဇူးသစ္စာ စောင့်သိရှိသေကြရန်၊ ဆရာ ဆရာမများနှင့် နည်းပြများအနေဖြင့် ကျောင်းသား ကျောင်းသူများအား အတွေးအခေါ်၊ အသိအမြင်နှင့် ဆင်ခြင်တုံတရားပြည့်ဝ၍ ဗလငါးတန်နှင့် ပြည့်စုံပြီး နောင်တစ်ချိန်တွင် မိမိနိုင်ငံ၊ မိမိဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ နိုင်ငံတော်မှ အားကိုးအားထားပြုရမည့် နိုင်ငံ့သားကောင်းရတနာများ၊ သမီးကောင်းရတနာများဖြစ်အောင် လေ့ကျင့်သင်ကြား ပျိုးထောင်သွားကြရန်မှာကြား၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားခဲ့ပြီး ကျောင်းဝင်းအတွင်းရှိ စာသင်ဆောင်၊ အိပ်ဆောင်၊ စားရိပ်သာ၊ စာကြည့်တိုက်၊ ကျောင်းသန့်ရှင်းသာယာလှပရေးနှင့် ရာသီသီးနှံစိုက်ပျိုးထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း လမ်းများအဆင့်မြှင့်တင်ခြင်းနှင့် ရှေးဟောင်းရေကန်များ တူးဖော်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်သည် ယမန်နေ့နံနက်ပိုင်းတွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အတွင်း လမ်းများအဆင့်မြှင့်တင်ခြင်းနှင့် ရှေးဟောင်းရေကန်များ တူးဖော် ဆောင်ရွက်နေသည့် အခြေအနေများ ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။ (ဓာတ်ပုံ)



ဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ အာနန္ဒာဘုရားလမ်းဆုံမှ မင်းနန်သူကျေးရွာအဝင်လမ်း၊ မိုးကုတ်ရိပ်သာနောက်ကျောမှ ရွှေဆံတော်ဘုရားလမ်း၊ ဓမ္မရံကြီးဘုရားမှ ဓမ္မရာဇကဘုရားသွားလမ်း၊ ဘူးလယ်သီးဘုရားအဝင်လမ်းမှ အာနန္ဒာဘုရား-မင်းနန်သူရွာအဝင်လမ်း၊ သရပါဂိတ်မှ ရွှေကွန်ချာဘုရားသွားလမ်း၊ ရွာဟောင်းကြီး-အနန္ဒမေတ္တာဘုန်းကြီးကျောင်း-အာနန္ဒာဘုရားလမ်း၊ သူငြေးကန်ကျေးရွာအဝင်လမ်း၊ တောင်ဘီရွာနှင့် ရင်မနားဘုရားသွားလမ်း၊ သိကြားပုန်းဘုရား သွားလမ်း၊ အာနန္ဒာဘုရားလမ်းဆုံမှ သရပါဂိတ် (ညောင်ဦး-ချောက်ကားလမ်းဟောင်း)၊ ကျောက်မျက်မှော်ဘုရားအဝင်လမ်း၊ ချောက်-စဥ့်ကူလမ်းမကြီးမှ ဘုရားအမှတ် (၁၀၆၂) ဘုရားအဝင်လမ်း၊ ချောက် - စဥ့်ကူလမ်းမကြီးမှ စေတနာကြီးဘုရားအဝင်လမ်းတို့ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ကမ္ဘာ့အမွေအနှစ်ယဉ်ကျေးမှု အမွေအနှစ်များ မထိခိုက်စေရန် စိစစ်အကြံပြုချက်များနှင့် အညီ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရှေးဟောင်းရေကန်များဖြစ်သည့် ကုသိနာရုံကန်၊ ကန်သစ်ကြီးကန်၊ မြေနဲလေးကန်-၁၊ ကန်ရှည်လျားကန်တို့ကို ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ကမ္ဘာ့အမွေအနှစ် စာရင်းဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း လမ်းများအဆင့်မြှင့်တင်ပေးခြင်းဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းများ ပိုမိုကောင်းမွန်၍ ပုဂံဒေသအတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်ကာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

### ၂၀၂၄ ခုနှစ်၊ ပဋ္ဌမအကြိမ်အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့် အားကစားပြိုင်ပွဲအလိုက်

အသင်းလိုက် ရွှေ၊ ငွေ၊ ကြေး ဆုရရှိမှု (၁၁-၁၂-၂၀၂၄ မှ ၁၅-၁၂-၂၀၂၄)ရက်နေ့ထိ

| စဉ် | ဝန်ကြီးဌာန | ရွှေ | ငွေ | ကြေး | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ကာကွယ်ရေး | ၉ | ၅ | ၇ | ၂၁ | |
| ၂ | အားကစား/လူငယ် | ၈ | ၆ | ၄ | ၁၈ | |
| ၃ | ပြည်ထဲရေး | ၇ | ၈ | ၇ | ၂၂ | |
| ၄ | ဆောက်လုပ်ရေး | ၅ | ၆ | ၆ | ၁၇ | |
| ၅ | ပို့ဆောင်/ဆက်သွယ် | ၂ | ၂ | ၁ | ၅ | |
| ၆ | သယံဇာတ/ပတ်ဝန်းကျင် | ၁ | ၂ | ၁ | ၄ | |
| ၇ | စိုက်မွေး/ဆည် | ၁ | ၁ | ၂ | ၄ | |
| ၈ | စီမံ/ဘဏ္ဍာ | | ၂ | | ၂ | |
| ၉ | ဟိုတယ်/ခရီး | | ၁ | | ၁ | |
| ၁၀ | စာရင်းစစ်ချုပ်ရုံး | | | ၁ | ၁ | |
| ၁၁ | သာသနာ/ယဉ်ကျေးမှု | | | ၁ | ၁ | |
| ၁၂ | သမ/ကျေးလက် | | | ၁ | ၁ | |
| ၁၃ | အလုပ်သမား | | | ၁ | ၁ | |
| ၁၄ | စီးပွား/ကူးသန်း | | | ၁ | ၁ | |
| | စုစုပေါင်း | ၃၃ | ၃၃ | ၃၃ | ၉၉ | |

### ၂၀၂၄ ခုနှစ်၊ ပဋ္ဌမအကြိမ်အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲ

ရွှေ၊ ငွေ၊ ကြေး ဆုရရှိမှု (၆-၁၂-၂၀၂၄ မှ ၁၅-၁၂-၂၀၂၄) ရက်နေ့ထိ

| စဉ် | ပြည်နယ်/တိုင်း | ရွှေ | ငွေ | ကြေး | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ရန်ကုန် | ၅၉ | ၃၀ | ၂၃ | ၁၁၂ | |
| ၂ | ရှမ်း | ၂၀ | ၂၄ | ၃၀ | ၇၄ | |
| ၃ | စစ်ကိုင်း | ၁၈ | ၁၃ | ၁၅ | ၄၆ | |
| ၄ | တနင်္သာရီ | ၁၄ | ၆ | ၁၁ | ၃၁ | |
| ၅ | ကချင် | ၁၃ | ၈ | ၁၁ | ၃၂ | |
| ၆ | မန္တလေး | ၁၂ | ၁၈ | ၂၇ | ၅၇ | |
| ၇ | ဧရာဝတီ | ၁၀ | ၂၀ | ၂၄ | ၅၄ | |
| ၈ | မကွေး | ၁၀ | ၉ | ၁၄ | ၃၃ | |
| ၉ | ပဲခူး | ၅ | ၁၉ | ၂၂ | ၄၆ | |
| ၁၀ | ကရင် | ၅ | ၆ | ၂၃ | ၃၄ | |
| ၁၁ | မွန် | ၄ | ၉ | ၈ | ၂၁ | |
| ၁၂ | နေပြည်တော် | ၄ | ၄ | ၇ | ၁၅ | |
| ၁၃ | ရခိုင် | ၃ | ၁၀ | ၁၁ | ၂၄ | |
| ၁၄ | ချင်း | ၂ | | ၆ | ၈ | |
| ၁၅ | ကယား | | ၃ | ၃ | ၆ | |
| | စုစုပေါင်း | ၁၇၉ | ၁၇၉ | ၂၃၅ | ၅၉၃ | |




ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းနှင့်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်နေမှုကို ပရိသတ်များ ကြည့်ရှုအားပေးစဉ်။

# ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ်အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက် ယှဉ်ပြိုင်ကစားကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ အမျိုးသား/အမျိုးသမီး ကြိုးတပ်သံလုံးပစ် ပြိုင်ပွဲ၊ အမျိုးသား/ အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့်တတိယ ဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘော်လီဘောရုံ၌ ကျင်းပရာ **အမျိုးသားဘော်လီဘောပြိုင်ပွဲတွင်** နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို ၃ပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်း က ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ၃ပွဲပြတ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာနအသင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းကို ၃ ပွဲပြတ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အသင်းကို ၃ ပွဲပြတ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲ -၂ ပွဲ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အသင်းက လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအသင်း ကို ၃ ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ၃ပွဲ-၁ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင်** စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို ၃ပွဲပြတ်၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ ပထမအဆင့် ရှုံးထွက်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ရုံ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို ၁၁ဂိုး-ဂိုးမရှိ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို ၅ဂိုး-၃ဂိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို ၁၂ ဂိုး-၁ဂိုး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းက ပြည်ထောင်စု တရားလွှတ်တော်အသင်းကို ၂၅ ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်း သုံးယောက်တွဲပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A) ရုံ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ၂ပွဲ-၁ပွဲ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းကို ၂ ပွဲပြတ်၊ စက်မှုဝန်ကြီးဌာနအသင်းက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အသင်းကို ၂ပွဲ-၁ပွဲ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အသင်းက ပြန်ကြားရေးဝန်ကြီးဌာန အသင်းကို ၂ ပွဲပြတ်၊ စွမ်းအင်ဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲ -၁ ပွဲ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအသင်းကို ၂ပွဲပြတ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြား



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်း သုံးယောက်တွဲပြိုင်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနအသင်းက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အသင်းကို ၂ ပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ၂ပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအသင်းကို ၂ပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက စက်မှုဝန်ကြီးဌာနအသင်းကို ၂ပွဲပြတ်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို ၂ပွဲ - ၁ပွဲ၊ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို ၂ပွဲပြတ်ဖြင့်လည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အသင်းကို ၂ ပွဲပြတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို ၂ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို ၂ပွဲပြတ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းက ပြည်ထောင်စုရာထူးဝန်အသင်းကို ၂ပွဲပြတ်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ၂ပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းက ကာကွယ်ရေးဝန်ကြီးဌာန အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ စက်မှုဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို ၂ပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို ၂ပွဲပြတ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို ၂ပွဲပြတ်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအသင်းကို ၂ပွဲ-၁ပွဲ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အသင်းကို ၂ပွဲ - ၁ပွဲ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို ၂ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ရိုးရာခြင်းလုံးခတ် ပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C) ရုံ၌ ကျင်းပရာ **အမျိုးသား/အမျိုးသမီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များကို** ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အားစားသမားများက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

*စာမျက်နှာ ၁၃ သို့*



ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကစားစဉ်။

*စာမျက်နှာ ၁၂ မှ*

**ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်/စနူကာပြိုင်ပွဲ** ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဘိလိယက်ရုံ၌ ကျင်းပရာ စနူကာ 6 Red တစ်ဦးချင်းပြိုင်ပွဲ **ဆီမီးဖိုင်နယ်ပွဲစဉ်တွင်** ဧရာဝတီတိုင်းဒေသကြီးမှ ရဲထွဋ်နိုင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ချမ်းမင်းကျော် ကို ၃ ပွဲ - ၁ ပွဲ၊ ရှမ်းပြည်နယ်မှ ဖီးအိက ဧရာဝတီတိုင်းဒေသကြီးမှ ခင်ဇော်ကို ၃ပွဲ - ၁ ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

**စနူကာ 15 Red တစ်ဦးချင်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်တွင်** ကချင်ပြည်နယ်မှ သက်ပိုင်ထက်က ပဲခူးတိုင်းဒေသကြီးမှ ငြိမ်းပြည့်ဖြိုးကို ၃ ပွဲ- ၁ ပွဲ၊ မကွေးတိုင်းဒေသကြီးမှ ကျော်ဝေယံစိုးက ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ သော်တာမင်းကို ၃ ပွဲပြတ်၊ ကရင်ပြည်နယ်မှ မျိုးသူရအောင်က မွန်ပြည်နယ်မှ မင်းသန့်ကို ၃ ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးမှ စိုးမိုးက ရန်ကုန်တိုင်းဒေသကြီးမှ အောင်ညီညီမောင်ကို ၃ ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးမှ ရဲထွဋ်ဦးက မန္တလေးတိုင်းဒေသကြီးမှ ကျော်ဝင်းလှိုင်ကို ၃ ပွဲပြတ်၊ ကရင်ပြည်နယ်မှ သက်မှူးကြည်လှိုင်က ကယားပြည်နယ်မှ အောင်မျိုးထွန်းကို ၃ ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးမှ ကောင်းချန်ထက်က ရှမ်းပြည်နယ်မှ ရဲလင်းကို ၃ ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးမှ ကိုကိုအောင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ မင်းသျှင်ထွန်းကို ၃ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဘိလိယက် တစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင်** ဧရာဝတီတိုင်းဒေသကြီးမှ ကျော်စွာဝင်းက မန္တလေးတိုင်းဒေသကြီးမှ အေးမင်းကို ၃ ပွဲ -၂ ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးမှ အောင်နိုင်စိုးက စစ်ကိုင်းတိုင်းဒေသကြီးမှ ကျော်ဝင်းကို ၃ ပွဲ - ၁ ပွဲ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ကျော်ဌေးက ရန်ကုန် တိုင်းဒေသကြီးမှ ဇော်လင်းနကို ၃ ပွဲ -၂ ပွဲ၊ မကွေးတိုင်းဒေသကြီးမှ လင်းအောင်က စစ်ကိုင်းတိုင်းဒေသကြီးမှ သီဟံစိုးကို ၃ ပွဲ -၂ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

**9 Ball Pool တစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင်** မန္တလေးတိုင်းဒေသကြီးမှ ကျော်ဇင်သန့်က ရှမ်းပြည်နယ်မှ ကမ္ဘာလင်း ကို ၇ ပွဲ - ၆ ပွဲ၊ ဧရာဝတီတိုင်းဒေသကြီးမှ ရာဇာဟန်က ကချင်ပြည်နယ်မှ အောင်ကျော်မိုးကို ၇ပွဲ- ၅ပွဲဖြင့် လည်းကောင်း၊ **စနူကာ 6 Red နှစ်ယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်**ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ၃ ပွဲ - ၁ ပွဲ၊ ကရင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို ၃ ပွဲ - ၂ ပွဲဖြင့်လည်းကောင်း၊ **9 Ball Pool နှစ်ယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင်** ရှမ်းပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၇ ပွဲ -၁ပွဲ၊ ရခိုင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ၇ပွဲ - ၆ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို** မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂၌ ကျင်းပရာ အမျိုးသား ၇၀ ကီလိုအထိ ကာယဗလပြိုင်ပွဲ၊ အမျိုးသား ၇၅ ကီလိုအထိ ကာယဗလပြိုင်ပွဲ၊ အမျိုးသား ၇၅ ကီလိုအထက် ကာယဗလပြိုင်ပွဲ၊ အမျိုးသား ၁၇၀ စင်တီမီတာအထိ Sport Physique ပြိုင်ပွဲ၊ အမျိုးသား ၁၇၀ စင်တီမီတာ အထက် Sport Physique ပြိုင်ပွဲ၊ အမျိုးသမီး ၁၆၀ စင်တီမီတာအထိ Model Physique ပြိုင်ပွဲ၊ အမျိုးသမီး ၁၆၀ စင်တီမီတာ အထက် Model Physique ပြိုင်ပွဲ၊ အမျိုးသမီး Fitness Physique ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေစဉ်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး စားပွဲတင် တင်းနစ်ပြိုင်ပွဲ** အုပ်စုပတ်လည်ပွဲစဉ်များကို တင်းနစ်ကွင်း(ဗဟို)၌ ကျင်းပရာ **အမျိုးသား စားပွဲတင် တင်းနစ်ပြိုင်ပွဲတွင်** မကွေးတိုင်းဒေသကြီးအသင်းက တနင်္သာရီ တိုင်းဒေသကြီးအသင်းကို ၃ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ၃ပွဲ - ၁ ပွဲ၊ ကချင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၃ ပွဲ -၁ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက တနင်္သာရီ တိုင်းဒေသကြီးအသင်းကို ၃ ပွဲ - ၁ ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၃ပွဲ - ၁ပွဲ၊ ကရင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီး အသင်းက ရှမ်းပြည်နယ်အသင်းကို ၃ပွဲ- ၂ပွဲ၊ မကွေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို၃ပွဲ-၁ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းကို ၃ပွဲ -၂ ပွဲ ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီး စားပွဲတင် တင်းနစ်ပြိုင်ပွဲတွင်** ရှမ်းပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၃ ပွဲ -၁ ပွဲ၊ မကွေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၃ပွဲ - ၁ပွဲ၊ မွန်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၃ပွဲ - ၁ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၃ပွဲ -၂ပွဲ၊ ကချင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၃ပွဲ-၁ပွဲ၊ မကွေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ၃ ပွဲ -၁ပွဲ၊ ဧရာဝတီတိုင်းဒေသကြီး အသင်းက ကရင်ပြည်နယ်အသင်းကို ၃ပွဲ- ၁ပွဲ၊ မွန်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၃ပွဲ - ၁ပွဲ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၃ ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ၃ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ၃ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၃ ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၃ပွဲ ပြတ်၊ ရန်ကုန်တိုင်းဒေသကြီး အသင်းကမန္တလေးတိုင်းဒေသကြီး အသင်းကို ၃ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် (၂၅) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို** ဘောဂဝတီ အားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို ၄ ဂိုး- ၁ ဂိုး၊ မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ၄ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်** ပွဲစဉ်များကို တင်းနစ်ကွင်း(ဗဟို)၌ ကျင်းပရာ **အမျိုးသားတင်းနစ်ပြိုင်ပွဲတွင်** ကရင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၃ ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို ၃ ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ၂ပွဲ - ၁ပွဲ၊ ပဲခူးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်၊ **အမျိုးသမီး တင်းနစ်ပြိုင်ပွဲတွင်** ကချင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၃ ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ ကရင်ပြည်နယ် အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၂ ပွဲ -၁ပွဲ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၃ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း အလေးမပြိုင်ပွဲရုံ၌ကျင်းပရာ **အမျိုးသား ၇၃ကီလိုတန်းပြိုင်ပွဲတွင်** ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဝေယံဖြိုးက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ ရှိုင်းညီညီက ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ ထွန်းလွင်ငြိမ်းက တတိယဆုကိုလည်းကောင်း၊ **အမျိုးသား ၆၇ ကီလိုတန်းပြိုင်ပွဲတွင်** ဧရာဝတီတိုင်းဒေသကြီးမှ ထက်ညီညီနိုင်က ပထမ၊ ရခိုင်ပြည်နယ်မှ ဆန်းထက်အောင်က ဒုတိယ၊ မွန်ပြည်နယ်မှ ထွန်းထွန်းက တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး ၅၅ ကီလိုတန်းပြိုင်ပွဲတွင်** မကွေးတိုင်းဒေသကြီးမှ ခင်သီတာရွှေက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဆုမြတ်မွန်က ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ သက်မွန်မြင့်က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့်အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ **သတင်းစဉ်**



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် (၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်နေမှုကို ပရိသတ်များ ကြည့်ရှုအားပေးနေစဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်မှုမြင်ကွင်း





ပြည်နယ်နှင့်တိုင်းဒေသကြီး ကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲ အမျိုးသား ၇၀ ကီလိုအထိ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို ပရိသတ်များ ကြည့်ရှုအားပေးကြစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲတွင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး ကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲ အမျိုးသမီး ၁၆၀ စင်တီမီတာအထက် Model Physique ပြိုင်ပွဲတွင် ဆုရရှိသူများကို တွေ့ရစဉ်။




ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးတင်းနစ်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကစားစဉ်။



အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်/စနူကာပြိုင်ပွဲတွင် ပြိုင်ပွဲဝင် တစ်ဦးယှဉ်ပြိုင်နေစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲ အမျိုးသား ၇၅ ကီလိုတန်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲ အမျိုးသား ၈၅ ကီလိုတန်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေစဉ်။

# နောင်လာမယ့် ဆီးဂိမ်းတို့၊ Sea Championship စတဲ့ နိုင်ငံတကာပြိုင်ပွဲတွေမှာ သွားရောက်ယှဉ်ပြိုင်တဲ့အခါ အောင်မြင်မှုရနိုင်တဲ့အနေအထားရှိပါတယ်

ဦးကျော်သန်း


မောင်ထက်ညီညီနိုင်


ဦးကျော်သန်း


မောင်ထွန်းလင်းအောင်


ဒေါ်သန်းသန်းဝင်း


မောင်ဒါဝူ


မောင်လင်းထွန်း

နေပြည်တော် ဒီဇင်ဘာ ၁၅

**ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး ဆက်လက်ကျင်းပလျက်ရှိရာ ပြိုင်ပွဲအသီးသီးမှ အားကစားသမားများ၊ ကြီးကြပ်သူများ၊ နည်းပြများနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်မှအချို့အား ကောက်နုတ်ဖော်ပြလိုက်ရပါသည်။**

**မောင်ထက်ညီညီနိုင်**
**(ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု)**
**အမျိုးသား ၆၇ ကီလိုတန်း အလေးမပြိုင်ပွဲ**

ဒီနေ့ပြိုင်ခဲ့ရတဲ့ပြိုင်ပွဲမှာ လက်က ထိခိုက်ထားတော့ ကျွန်တော်ရထားပြီးသားစံချိန်ထက် နည်းနည်းတော့ လျော့သွားတယ်။ နောက်ပွဲတွေကျရင်တော့ အကောင်းဆုံးကြိုးစားသွားမှာပါ။ ဒီနေ့ပြိုင်ပွဲမှာ ရွှေရပါတယ်။ ကျွန်တော်က ၆၇ ကီလိုတန်းမှာ မြန်မာပြည်စံချိန်ချိုးဖို့ ကြိုးစားနေတယ်။ ကျွန်တော်က ပြည်တွင်းပြိုင်ပွဲတွေကို ၂၀၁၄ – ၁၅ ခုနှစ် အသက် ၁၂ နှစ်အရွယ်ကတည်းက စပြိုင်တာပါ။ အသက် ၁၄ နှစ်အရွယ် အိုလံပစ်နေ့မှာ ရွှေတစ်ခု ရတယ်။ နောက်တစ်နှစ်မှာ တိုင်းနဲ့ပြည်နယ်အဆင့် ကြေးတံဆိပ်၊ ပြီးတော့ နောက်နှစ်တွေမှာ ရွှေသုံးခု ဆက်တိုက်ရခဲ့ပါတယ်။ ကျွန်တော့်အဖေက ဂျူဒို ကစားသမား၊ အမေက အေရိုးဗစ်ကစားသမားပါ။ ကျွန်တော့်မျိုးရိုးလည်း အားကစားမျိုးရိုးဆိုတော့ အားကစားကို နှစ်သက်တယ်။ ကျွန်တော့အနာဂတ်က ဆီးဂိမ်းသွားမယ်၊ ရွှေတံဆိပ်ဆုတွေ ယူမယ်။ ကျွန်တော်တို့ အလေးမအားကစားက မျိုးဆက်သစ်ရှားတဲ့ ကစားနည်းဖြစ်တယ်။ အလေးမအားကစားက လုပ်ချင်တဲ့သူတိုင်း လုပ်လို့မရဘူး။ မျိုးဆက်သစ်တွေ မွေးထုတ်ဖို့က ဒီလိုအားကစားပွဲတွေ များများ ကျင်းပပေးဖို့လိုတယ်။ တကယ့် အလေးမအားကစားသမားကောင်းတွေ ထွက်ဖို့ဆိုရင် ပြိုင်ပွဲတွေမတိုင်မီ အနည်းဆုံး ခြောက်လလောက် Camp သွင်းပြီး လေ့ကျင့်သင့်တယ်။ အလေးမကစားသမားကောင်း တစ်ယောက်ဖြစ်လာဖို့ သတိထားရမှာက အိပ်ချိန်၊ စားချိန်မှန်ရမယ်၊ ပြင်းပြင်းထန်ထန် လေ့ကျင့်ရမယ်။ ထိခိုက်နာကျင်မှုမဖြစ်ဖို့ အထူးဂရုစိုက်ရပါမယ်။

**ရဲထွန်းနောင်(ကမ္ဘာ့ချန်ပီယံရှစ် ရွှေတံဆိပ်ဆုရ မြန်မာ့လက်ရွေးစင် ကာယဗလကစားသမား)**

ကမ္ဘာ့ချန်ပီယံရှစ် ရွှေတံဆိပ်ဆုရ၊ အာရှချန်ပီယံရှစ် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ၇၅ ကီလိုတန်းမှာ ရွှေတံဆိပ်ဆုရရှိထားတဲ့ မြန်မာ့လက်ရွေးစင် ကာယဗလကစားသမားတစ်ဦး ဖြစ်ပါတယ်။ အခုလက်ရှိ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲမှာ ချင်းပြည်နယ်ကိုယ်စားပြုအနေနဲ့ ဒိုင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်နေတယ်။ ကာယဗလမောင်တစ်ယောက်ဖြစ်ဖို့က စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ ဖွဲ၊ လုံ့လ၊ ဝီရိယနဲ့အားသွန်ခွန်စိုက် ကြိုးစားဖို့လိုတယ်။ အစားအသောက်၊ အနေအထိုင်ကအစ စနစ်ကျဖို့လိုတယ်။ ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်ဖို့လိုတယ်။ Fitness ပိုင်းဆိုင်ရာ ကစားနည်းဖြစ်တဲ့အတွက် ဆော့တဲ့လူတိုင်းအတွက် ပိုကျန်းမာစေတယ်။ နှလုံးသွေးလည်ပတ်မှုကောင်းတယ်။ ကြံ့ခိုင်မှုပြည့်တယ်။ ဂျူနီယာတွေအနေနဲ့ ဒီကစားနည်းကို ကစားတဲ့အခါ ဝါသနာရှင်ပဲဖြစ်ဖြစ်၊ ခဏတာကစားတဲ့သူပဲဖြစ်ဖြစ် Professional ကစားမယ်ဆိုရင် နည်းလမ်းကောင်းတွေကို တတ်ကျွမ်းတဲ့ဆရာကြီးတွေ၊ စီနီယာတွေဆီမှာ လေးလေးစားနဲ့ သင်ယူမယ်ဆိုရင် ပိုထိရောက်ပါတယ်။ ကာယဗလမောင်ပြိုင်ပွဲကို ထည့်သွင်းကျင်းပတာက မြန်မာ့လက်ရွေးစင်ကစားသမားတွေ များစွာထွက်ပေါ်နိုင်တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။

**ဦးကျော်သန်း(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်)**

အမျိုးသားအားကစားပွဲတော်မှာ ထည့်သွင်းကျင်းပတဲ့ကစားနည်း ၁၆ နည်းပါဝင်တယ်။ ပထမနေ့မှာ ပွဲစဉ်ရှစ်တန်း စတင်ယှဉ်ပြိုင်တာဖြစ်တယ်။ အမျိုးသားကာယဗလပြိုင်ပွဲ လေးတန်း၊ Fitness အပါအဝင် ကာယကြံ့ခိုင်မှုပြိုင်ပွဲ သုံးတန်းရှိတယ်။ အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ တစ်တန်းယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ ပါဝင်ယှဉ်ပြိုင်ကြတဲ့ အားကစားသမားတွေက မျှော်မှန်းထားတာထက် ပိုမိုကောင်းမွန်ကြတာ တွေ့ရတယ်။ နိုင်ငံတော်က ရည်မှန်းထားတဲ့ မျိုးဆက်သစ်အားကစားသမားတွေ ပေါ်ပေါက်ဖို့ကိုလည်း ကြည့်ရှုရွေးချယ်သွားမှာဖြစ်တယ်။ အဖွဲ့ချုပ်ကနေ ဒိုင်ကိုးဦးကို ရွေးချယ်ပြီး တာဝန်ပေးထားပါတယ်။ ပြည်နယ်နဲ့တိုင်းဒေသကြီးက ဒိုင်တွေကိုလည်း ထည့်သွင်းထားတယ်။ နောင်လာမယ့် ဆီးဂိမ်းတို့၊ Sea Championship စတဲ့ နိုင်ငံတကာပြိုင်ပွဲတွေမှာ သွားရောက်ယှဉ်ပြိုင်တဲ့အခါ အောင်မြင်မှုရနိုင်တဲ့အနေအထားရှိပါတယ်။ လာမယ့် ဩဂုတ်လလောက်မှာ အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတစ်ခုရှိတဲ့အတွက် ဒီကထွက်ပေါ်လာမယ့်မျိုးဆက်သစ်ကစားသမားတွေနဲ့ သွားရောက်ယှဉ်ပြိုင်ဖို့ရှိပါတယ်။

**မောင်ထွန်းလင်းအောင် (ကချင်ပြည်နယ်ပြိုင်ပွဲဝင်၊ တိုက်ကွမ်ဒို ရွှေတံဆိပ်ဆုရ)**

အမျိုးသား ပင်း (၅၄) ကီလိုအောက်မှာ ပါဝင်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ သန်လျင်ကလပ်နဲ့ အောင်ဆန်းကွင်းမှာ လေ့ကျင့်မှုတွေ ပြုလုပ်ခဲ့တယ်။ ပြိုင်ပွဲမစတင်ခင် ကချင်က Training ဆရာနဲ့ နေပြည်တော်မှာလည်း ကြိုတင်လေ့ကျင့်မှုတွေ လုပ်ခဲ့တယ်။ အခုလို ရွှေတံဆိပ်ဆုရတဲ့အတွက်လည်း ဝမ်းသာပါတယ်။ အားကစားတစ်ခုကို လေ့ကျင့်တဲ့အခါ အရင်ဆုံးစိတ်ဓာတ်ပိုင်းဆိုင်ရာကို ပြင်ဆင်ပြီးမှ လေ့ကျင့်တာက ထူးချွန်တဲ့ကစားသမားတစ်ယောက်ဖြစ်မယ်လို့ ယုံကြည်တဲ့အတွက် တိုက်ကွမ်ဒိုကစားနည်းကို လေ့ကျင့်တဲ့အခါ စိတ်ပိုင်းဆိုင်ရာရော နည်းစနစ်ပိုင်းတွေမှာပါ ဆရာတွေရဲ့ သွန်သင်မှုတွေကို အလေးထားပြီး ကြိုးစားလေ့ကျင့်ခဲ့တယ်။ အခုလိုအောင်မြင်မှုတွေ ရရှိတာကလည်း ဆရာတွေရဲ့ကျေးဇူးတွေ အများကြီးပါတယ်။ ပြည်နယ်နဲ့တိုင်းပွဲတွေမှာလည်း သုံးနှစ်ဆက်တိုက် ရွှေတံဆိပ်ရရှိထားပါတယ်။ ဒီအမျိုးသားပွဲတော်မှာ ရွှေတံဆိပ်ဆုထပ်မံရရှိတဲ့အတွက် လူငယ်ကစားသမားတစ်ယောက်အနေနဲ့ အားရကျေနပ်မိပါတယ်။ ထပ်မံပြီးလည်း နိုင်ငံတကာပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ဆုတွေရရှိအောင် ကြိုးစားသွားပါမယ်။

**ဒေါ်သန်းသန်းဝင်း**
**(ပြေးခုန်ပစ် ပန်းဝင်တာဖမ်းအဖွဲ့ဝင်)**

ကျွန်မတို့အဖွဲ့က မီတာအလိုက် ပြေးခုန်ပစ်အားကစားပြိုင်ပွဲမှာ ပန်းဝင်တဲ့အချိန် စံချိန်တွေကို မှတ်တမ်းတင်ရပါတယ်။ မကျင်းပတာလည်းကြာပြီဆိုတော့ ဒီပြိုင်ပွဲကြီးကနေ မျိုးဆက်သစ် အားကစားသမားတွေကို မွေးထုတ်ပေးနိုင်တဲ့အတွက် အမြဲမပြတ်ကျင်းပသင့်တဲ့ အားကစားပွဲတော်ဖြစ်တယ်။ စံချိန်ကောင်းတဲ့လူငယ်တွေကို မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်ကနေ ရွေးချယ်ပြီးတော့ မြန်မာ့လက်ရွေးစင်ဟောင်း နည်းပြကြီးတွေနဲ့ လေ့ကျင့်ပေးတာဖြစ်တဲ့အတွက် ဆီးဂိမ်းတို့၊ Asian Games ပြိုင်ပွဲတွေမှာ အထောက်အကူပြုပါတယ်။ လက်ရှိ မီတာ ၁၀၀ ပြိုင်ပွဲမှာဆိုရင် ယှဉ်ပြိုင်အားထုတ်မှု တော်တော်ကို ကောင်းကြပါတယ်။ ကျွန်မတို့လည်း ငယ်ငယ်က မီတာ ၁၀၀ ပြေးခဲ့တာဆိုတော့ ပြိုင်ပွဲဝင်ကလေးတွေရဲ့ စံချိန်တွေကောင်းကြတဲ့အပေါ် ဝမ်းသာပါတယ်။ အမြင့်ခုန်ဆိုလည်း အသက်ရွယ်ငယ်ကြပေမယ့် စံချိန်တွေကောင်းအောင် ခုန်နိုင်ကြသလို လမ်းလျှောက်ဆိုလည်း စံချိန်ချိုးတဲ့အတွက် ဒီနှစ်ကျင်းပတဲ့ ပဉ္စမအကြိမ်အားကစားပွဲတော်က တော်တော်ကိုကောင်းမွန်တဲ့ အားကစားပွဲတော်လို့ ပြောချင်ပါတယ်။

**မောင်ဒါဝူ (တင်းနစ်ပြိုင်ပွဲဝင်)**
**ပဲခူးတိုင်းဒေသကြီးအသင်း**

၂၀၂၃ ခုနှစ် တိုင်းဒေသကြီးနဲ့ ပြည်နယ် တင်းနစ်ပြိုင်ပွဲမှာလည်း ဆုတံဆိပ်တွေရရှိဖူးပြီး ဒီနှစ်ထဲမှာကျင်းပခဲ့တဲ့ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလားပြိုင်ပွဲရဲ့ ၁၆ နှစ်အောက် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုရရှိထားပါတယ်။ ပြည်တွင်းပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်တဲ့အတွက် အရင်ကတည်းက လေ့ကျင့်မှုရှိပြီး ဒီအမျိုးသားအားကစားပွဲတော်ကြီးမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့အခါ အများကြီး အထောက်အကူပြုပါတယ်။ ဒီပြိုင်ပွဲကြီးအတွက်လည်း ပဲခူးတိုင်းကိုယ်စားပြုအနေနဲ့ ရွှေတံဆိပ်ဆု ရရှိအောင် ကြိုးစားပြင်ဆင်လေ့ကျင့်ထားပါတယ်။ အခုပြိုင်ပွဲကြီးမှာလည်း တစ်ဖက်အသင်းအားကစားသမားတွေအနေနဲ့ ကြိုးစားထားကြမယ်ဆိုတာ ယုံကြည်ပါတယ်။ ကျွန်တော့်အနေနဲ့ တင်းနစ်အားကစားနည်းကို အားသွန်ခွန်စိုက်ကြိုးစားသွားမယ်။ နိုင်ငံတကာပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ဆုတွေရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်တဲ့ တင်းနစ်ကစားသမားတစ်ယောက်ဖြစ်အောင်လည်း ကြိုးစားသွားပါမယ်။

**မောင်လင်းထွန်း(မွန်ပြည်နယ်ကိုယ်စားပြု)**
**ဘိလိယက်/စနူကာပြိုင်ပွဲဝင်**

ဒီနေ့ပြိုင်ပွဲမှာတော့ နှစ်ယောက်တွဲ ဘိလိယက်ပြိုင်ပွဲ အုပ်စုအဆင့်ယှဉ်ပြိုင်တာပါ။ ပြိုင်ပွဲမှာ စီနီယာကစားသမားကြီးတွေ၊ လက်ရည်အကောင်းဆုံးလူတွေ၊ လက်ရွေးစင်ကစားသမားကြီးနဲ့ တွေ့ရတဲ့အချိန်မှာ ကျွန်တော့်ကို ပညာပေးတယ်၊ သင်ကြားပေးတာကြောင့် ပညာရသလို အတွေ့အကြုံကောင်းတွေလည်း တိုးလာတယ်။ သူတို့ပေးတဲ့နည်းစနစ်တွေအတိုင်း လေ့ကျင့်အားများလာရင် ကျွန်တော်လည်း ပိုတိုးတက်လာမယ်။ ကျွန်တော်က Grade – 10 ကျောင်းသားတစ်ယောက်ဆိုတော့ ပြိုင်ပွဲအတွက်က ကျောင်းတစ်ဖက်နဲ့ သိပ်ပြင်ဆင်ချိန်မရလိုက်ဘူး။ ကျွန်တော်က စနူကာကို အသက်ကိုးနှစ်လောက်ကတည်းက စထိုးတာ။ ဘိလိယက်က စနူကာထိုးရင်းနဲ့ နောက်ပိုင်း အသက် ၁၄ နှစ်လောက်မှ ထိုးဖြစ်တာပါ။ ကျွန်တော်အကြိုက်ဆုံးက စနူကာပါ။ စထိုးကတည်းက စနူကာပဲဆိုတော့ စနူကာကစားတာပိုအားသန်ပါတယ်။ နောက်နှစ်တွေကျရင် စနူကာပြိုင်ပွဲဝင်ဖို့လည်း ပြင်ဆင်နေပါတယ်။ ပြိုင်ပွဲအနေနဲ့ကတော့ အမျိုးသားအားကစားပွဲတော်ကျမှ ဝင်ပြိုင်ဖူးတာပါ။ ပြိုင်ပွဲနဲ့အပြင်မှာထိုးတာကျ မတူပါဘူး။ အပြင်မှာကျတော့ ရှုံးလည်းပြန်ထိုးလို့ရတယ်။ ဒီမှာကျတော့ ကိုယ်ညံ့ရင် ကိုယ်ရှုံးပဲ။ ကျွန်တော်က ပြိုင်ပွဲမှာ ကိုယ်နဲ့ လက်ရည်တအားကွာတဲ့သူနဲ့ တွေ့ရင်တောင် အကောင်းဆုံး ယှဉ်ပြိုင်နိုင်ရမယ်လို့ ခံယူထားတယ်။ ပြိုင်ပွဲပြိုင်တဲ့အချိန်မှာ ယုံကြည်မှုလိုတယ်။ စိတ်လှုပ်ရှားပြီးတော့ တစ်ဖက်လူကို ကြောက်မနေဘဲနဲ့ စိတ်ငြိမ်ငြိမ်နဲ့ ယှဉ်ပြိုင်ရမယ်လို့ ခံယူထားတယ်။ စနူကာကစားသမားကောင်းဖြစ်ဖို့က အကောင်းဆုံးလေ့ကျင့်ဖို့ပါ။ ပြီးရင် လေ့ကျင့်ဖို့ ဘိလိယက်/စနူကာခုံလည်းလိုတယ်။ ခုံရှိရင် အမြဲတမ်းလေ့ကျင့်လို့ရတယ်။ ထိုးပါများရင် ဝင်သားကောင်းလာမယ်၊ လက်ရည်တက်မယ်။ ကျွန်တော့်အတွက် အနာဂတ်မျှော်လင့်ချက်ကတော့ ဆီးဂိမ်းပါချင်တယ်။ ဘိလိယက်/စနူကာအားကစားကို မြတ်နိုးလို့ ဒီအားကစားနည်းနဲ့ ကမ္ဘာကို ထိုးဖောက်ချင်တယ်။

တွေ့ဆုံမေးမြန်း
ခင်ရတနာ၊ ဇင်ဦး၊
ဟိန်းထက်ဇော်၊ မျိုးထက်ဦး
ဓာတ်ပုံ–ဟိန်းဇင်ထက်

# အွန်လိုင်းအန္တရာယ် တို့ကာကွယ်

ဝေယံလူ(ဆိုက်ဘာ)

မြန်မာနိုင်ငံ၌ လက်ရှိအခြေအနေတွင် လူကုန်ကူးမှုပုံစံအသစ် Job Scam (အလုပ်အကိုင် အခွင့်အလမ်းဖြင့် ဆွဲဆောင်လိမ်လည်ခြင်း) နည်းလမ်းဖြင့် ပစ်မှတ်ရှာဖွေကြသည်ကို တွေ့ရသည်။ မသိနားမလည်သူ၊ အလုပ်အကိုင် ရှာဖွေနေသူများအနေဖြင့် ငွေကြေးမက်လုံးကြောင့် လူကုန်ကူးမှု ခံနေကြရကြောင်း လက်တွေ့မျက်မြင်သိရှိရပါသည်။ အွန်လိုင်းပေါ်တွင် လိမ်လည်မှုများသည် Job Scam သာမက အခြားသောလိမ်လည်မှုများ၊ ခြိမ်းခြောက်ခံရမှု၊ လိမ်လည်ခံရမှု များစွာ ရှိနေသည်။

ထိုကဲ့သို့ Online Scam (အင်တာနက်ပေါ်တွင် လိမ်လည်ခံရမှု)များကို ဆန်းစစ်လေ့လာရာတွင် မြန်မာနိုင်ငံ၌ အဖြစ်အများဆုံး လိမ်လည်ခံရမှု ၁၁ မျိုးရှိကြောင်း တွေ့ရသည်။ ၎င်းအမှု အမျိုးအစား ၁၁ မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) Phishing Scam (Social Media နှင့် Email များသို့ Link များပေးပို့၍ ဆွဲဆောင်လိမ်လည်ခြင်း)။

(ခ) Fake Call Center Scam (လိမ်လည်သူက မိုဘိုင်းငွေကြေး ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အခြားဝန်ဆောင်မှုလုပ်ငန်းများ၏ Call Center အယောင်ဆောင်၍ OTP Code နှင့်ကိုယ်ရေးအချက်အလက်များ တောင်းခံကာ ငွေလိမ်လည်ထုတ်ယူခြင်း)။

(ဂ) E-Commerce Scam (Social Media နှင့် Website များမှတစ်ဆင့် အွန်လိုင်း ဈေးဝယ်သူများအား လိမ်လည်ခြင်း)။

(ဃ) Social Media Impersonation Scam (Social Media များနှင့် Website များအား ထိန်းချုပ်ရယူခြင်း သို့မဟုတ်ပုံစံတူ အတုများ ပြုလုပ်၍ လိမ်လည်ခြင်း)။

(င) Prize Draw Scams (ကံစမ်းမဲနှင့် စုကြေးများ ပေါက်သည်ဟု ပြောဆို လိမ်လည်ခြင်း)။

(စ) Loan Scam (ချေးငွေအမည် အသုံးပြုထားသည့် Social Media နှင့် Application များမှတစ်ဆင့် လိမ်လည်ခြင်း)။

(ဆ) Internet Love Scam (မိသားစုဝင်၊ ချစ်သူရည်းစားကဲ့သို့ ချစ်ခင်နှစ်သက်ကြောင်းပြသကာ ပစ္စည်းဥစ္စာတစ်ခုခုဖြင့် ဆွဲဆောင်လိမ်လည်ခြင်း)။

(ဇ) Credit for Sex Scam (Social Media မှတစ်ဆင့် လိင်ပိုင်းဆိုင်ရာကိစ္စဖြင့် ဆွဲဆောင်၍ခြိမ်းခြောက်လိမ်လည်ခြင်း)။

(ဈ) Fake Gambling Platforms Scam (လောင်းကစားအမည် Website နှင့် Social Media အတုများဖြင့် လိမ်လည်ခြင်း)။

(ည) Job Scam (အလုပ်အကိုင်အခွင့်အလမ်းဖြင့် ဆွဲဆောင်လိမ်လည်ခြင်း)။

(ဋ) Investment Scam (ရင်းနှီးမြှုပ်နှံမှုဖြင့် ဆွဲဆောင်လိမ်လည်ခြင်း) တို့ဖြစ်သည်။

၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ် ဇွန်လအထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ တိုင်ကြားလာသည့် အွန်လိုင်းလိမ်လည်မှု ဖြစ်စဉ်ပုံစံများအနေဖြင့် မိုဘိုင်းဖုန်းအသုံးပြု၍ ယုံကြည်အောင်ပြောဆိုကာ ငွေကြေးလိမ်လည်ခြင်း၊ Facebook Account / Page များမှတစ်ဆင့် ငွေကြေးလိမ်လည်ခြင်း၊ Mobile Pay Agent ဝန်ထမ်းများ အယောင်ဆောင်၍ Mobile Pay Account များမှ ငွေကြေးလိမ်လည်ထုတ်ယူခြင်း စသည့် Fake Call Center Scam (လိမ်လည်သူက မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အခြားဝန်ဆောင်မှုလုပ်ငန်းများ၏ Call Center အယောင်ဆောင်ပြီး OTP Code နှင့် ကိုယ်ရေးအချက်အလက်များ တောင်းခံကာ ငွေလိမ်လည်ထုတ်ယူခြင်း) ငွေကြေးလိမ်လည်မှု ၂၃၉ မှု၊ ကုန်ပစ္စည်းရောင်းချရငွေများအား Mobile Banking များမှတစ်ဆင့် လိမ်လည်ရယူခြင်း၊ နိုင်ငံခြားငွေကြေး လဲလှယ်မှုမှတစ်ဆင့် ငွေကြေးလိမ်လည်ရယူခြင်း စသည့် E-Commerce Scam (Social Media နှင့် Website များမှတစ်ဆင့် အွန်လိုင်းဈေးဝယ်သူများအား လိမ်လည်ခြင်း) ငွေကြေးလိမ်လည်မှု ၁၇ မှု၊ အများပိုင်ကုမ္ပဏီတည်ထောင်၍ အစုရှယ်ယာငွေများအား လိမ်လည်ရယူခြင်း၊ တရားမဝင်အဖွဲ့အစည်းဖွဲ့၍ ငွေကြေးစုဆောင်းခြင်းမှ

**❝နိုင်ငံအလိုက်ဖြစ်ပေါ်နေသည့် ဆိုက်ဘာမှုခင်းပြစ်မှုများအနေဖြင့် ဆုချီးမြှင့်မှု အကျိုးခံစားခွင့်ဆိုင်ရာ လိမ်လည်မှုများ၊ Call Center လိမ်လည်မှုများ၊ ငွေစုငွေချေးလိမ်လည်မှုများ၊ Online Banking ဆိုင်ရာ Fake Application များဖြင့် လိမ်လည်မှုများ၊ ဆက်သွယ်ရေးလိမ်လည်မှုများ၊ ငွေကြေးလိမ်လည်မှုများ၊ ကုန်သွယ်ရေးလိမ်လည်မှုများ၊ ရင်းနှီးမြှုပ်နှံမှုလိမ်လည်မှုများ၊ Facebook Account အတုများဖြင့် အွန်လိုင်းအရောင်းအဝယ်လိမ်လည်မှုများ၊ Website အသုံးပြု၍ လိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားများ အစရှိသဖြင့် နိုင်ငံအလိုက်ဖြစ်ပေါ်နေသော ဆိုက်ဘာမှုခင်းပြစ်မှုများမှာ တူညီမှုမရှိနိုင်သော်လည်း ဘုံတူညီနေသည့် ဆိုက်ဘာမှုခင်းများမှာ အွန်လိုင်းမှတစ်ဆင့် လိမ်လည်လှည့်ဖြားနေသည့် Social Engineering Attack ပင်ဖြစ်❞**

တစ်ဆင့် စုကြေးငွေများလိမ်လည်ရယူခြင်း စသည့် Loan Scam (ချေးငွေအမည် အသုံးပြုထားသည့် Social Media နှင့် Application များမှတစ်ဆင့် လိမ်လည်ခြင်း) ငွေကြေးလိမ်လည်မှု ၁၀ မှု၊ Fake Gambling Platforms Scam (လောင်းကစားအမည် Website နှင့် Social Media အတုများဖြင့် လိမ်လည်ခြင်း) ငွေကြေးလိမ်လည်မှု ခုနစ်မှု၊ မူပိုင်ခွင့်ရရှိထားသော ရုပ်ရှင်/ ဗီဒီယို ဇာတ်လမ်းများအား ခွင့်ပြုချက်မရှိဘဲ တရားမဝင်ကူးယူခြင်း၊ ငွေကြေးရယူ၍ ဖြန့်ချီခြင်း၊ ပြသခြင်း စသည့်အမှုဖြစ်စဉ် ငါးမှု၊ ငွေတုရောင်းဝယ်ရေးလုပ်ငန်းအမည်များဖြင့် ငွေကြေးလိမ်လည်မှု သုံးမှု စုစုပေါင်း ၂၈၁ မှုတို့ကို တွေ့ရပြီး တိုင်ကြားထားခြင်းမရှိသော အမှုများစွာလည်း ရှိနေနိုင်သည်။

တွေ့ရှိရသည့် အမှုအမျိုးအစားများအနက် အမှုဖြစ်စဉ် ၁၀ ခုကို စစ်ဆေးတွေ့ရှိချက်နှင့် ဆောင်ရန်၊ ရှောင်ရန်တို့ကို ဖော်ပြသွားပါမည် -

**မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ တိုင်ကြားလာသည့် အွန်လိုင်းလိမ်လည်မှုဖြစ်စဉ်၊ အမှုအမျိုးအစားများအနက် အမှုဖြစ်စဉ် ၁၀ ခုနှင့် စိစစ်တွေ့ရှိချက်များ**

**အမှုဖြစ်စဉ်(၁) အကျဉ်းချုပ်**

နိုင်ဂျီးရီးယားနိုင်ငံသား Obarinu Oluwatobi Daivd က KBZ Bank ၏ Website ပုံသဏ္ဌာန်ကို တုပထားသည့် admin@spectra-laser.pl Account အား အသုံးပြုပြီး KBZ Bank Account ဆိုင်ရာ လုံခြုံရေးသတိပေးချက်ဟူသော စာသားဖြင့် Login ဝင်ရောက်ရန်အတွက် User Name နှင့် Password တို့ကိုတောင်းခံ၍ ၎င်း Account တွင် ဖြည့်သွင်းစေကာ ဖုန်းအတွင်း ဖွင့်လှစ်ထားရှိသည့် KBZ Bank Mobile Bank Account မှ ငွေကျပ်သိန်း ၁၀၂၀ လွှဲပြောင်းရယူသွားမှုဖြစ်ပါသည်။

**စိစစ်တွေ့ရှိချက်**

xxxxx နှင့်ဇနီးတို့သည် နိုင်ငံသားစိစစ်ရေးကတ်များကို တရားမဝင်ဝယ်ယူခြင်း၊ အချို့နိုင်ငံသားစိစစ်ရေးကတ်များကို Picsart Application ဖြင့်အတုပြုလုပ်၍ KBZ Pay Account များဖွင့်လှစ်၍ မ xxxxx ထံသို့ ရောင်းချခဲ့သည်။ နိုင်ဂျီးရီးယားနိုင်ငံသား Obarinu Oluwatobi Daivd နှင့် မ xxxxx တို့သည် ငွေကြေးလိမ်လည်မှုများမှရရှိသည့် ငွေများကို ဝယ်ယူရရှိထားသည့် KBZ ဘဏ်ငွေစာရင်းအမှတ်များသို့ လွှဲပြောင်းရယူသည် ။ Phishing Scam (Social Media နှင့် Mail များသို့ Link များ ပေးပို့၍ ဆွဲဆောင်လိမ်ညာခြင်း)ဖြစ်သည်။ **(နည်းပညာအသိ၊ သတိမရှိသဖြင့် မိမိအကောင့်၏ လုံခြုံမှုအခြေအနေအပေါ် စိုးရိမ်စိတ်ဖြင့် User Name & Password တို့ကို အခြားသူထံ အလွယ်တကူပေးခဲ့သောကြောင့် အကောင့်အတွင်းရှိ ငွေများဆုံးရှုံးခဲ့ခြင်းဖြစ်သည်။)**

**အမှုဖြစ်စဉ်(၂) အကျဉ်းချုပ်**

၀၉xxxxx ဖြင့်ဖွင့်လှစ်ထားသည့် Viber Account မှ YouTube Channel တစ်ခုကို Subscribe ပြုလုပ်လျှင် ငွေကျပ် ၁၀၀၀ ရရှိမည်ဖြစ်ပြီး Like and Subscribe ပြုလုပ်ရုံမျှဖြင့် အပိုဝင်ငွေရရှိမည်ဟု စတင်မက်လုံးပေးခဲ့ပြီး စုစုပေါင်း ငွေကျပ် ၉၈၃ သိန်း လိမ်လည်မှုဖြစ်ပါသည်။

**စိစစ်တွေ့ရှိချက်**

Like and Subscribe ပြုလုပ်ရုံမျှဖြင့် အပိုဝင်ငွေရရှိမည်ဟု မက်လုံးပေးလာသဖြင့် ပေးပို့ထားသည့် Mission 1 / Mission 2 စသည့် YouTube Channel များအား Subscribe ပြုလုပ်ခဲ့ရာ တရားလို၏ KPay အတွင်း ငွေကျပ် ၄၀၀၀ ရောက်ရှိလာသည်။ Mission 3 YouTube Channel Thadar Moe Oo Channel Link သို့ ဝင်ရောက်ခဲ့ပြီး အဆိုပါအကောင့်မှ ထည့်ပေးခဲ့သည့် 4401 Fortune Myanmar Telegram Group ၌ ငွေကျပ် ၃၅၀၀၀ သွင်းလျှင် ၄၅၀၀၀ ၊ ငွေကျပ် ၂၀၀၀၀၀ သွင်းလျှင် ၂၇၀၀၀၀၊ ငွေကျပ် ၅၀၀၀၀၀ သွင်းလျှင် ၆၇၅၀၀၀၊ ငွေကျပ် ၈၀၀၀၀၀ သွင်းလျှင် ၁၀၈၀၀၀၀ ရရှိမည်ဟု မက်လုံးပေးဖော်ပြထားသဖြင့် တရားလိုက ငွေကျပ် ၃၅၀၀၀၊ သုံးသိန်း စသည်ဖြင့် ပေးသွင်းခဲ့ရာ မက်လုံးပေးသည့်အတိုင်း အရင်းငွေနှင့် အတိုးငွေများ ရရှိခဲ့သည်။

ဆက်လက်၍ SVIPFT 13011 Telegram Group ၌ Mission များ ဖော်ပြထားသဖြင့် တရားလိုက ငွေကျပ်သိန်း ၁၇၀ ပေးသွင်းခိုင်းသည့် အကောင့်များသို့ ပေးသွင်းခဲ့ရာ Mission မှားယွင်းနေသဖြင့် ပြန်ဆယ်ယူလိုပါက ငွေကျပ် ၁၇၃ သိန်း ထပ်မံပေးသွင်းရမည်ဖြစ်ပြီး ပေးသွင်းခြင်းမရှိပါက ငွေများဆုံးရှုံးမည်ဟု စတင်လှည့်ဖြားသည်။

တရားလိုက ငွေများဆုံးရှုံးမည်ကို စိုးရိမ်သဖြင့် ငွေကျပ် ၁၇၃ သိန်းအား လွှဲပေးခဲ့သော်လည်း ငွေကျပ်သိန်း ၂၄၀ ထပ်မံထည့်သွင်းမှသာ withdraw code ရရှိပြီး ယခင်ထည့်သွင်းခဲ့သည့် ငွေကျပ် ၃၄၃ သိန်းနှင့် အတိုးငွေ ၃၉၅ ဒသမ ၈၄ သိန်း ရရှိမည်ဖြစ်ကြောင်းနှင့် ပေးသွင်းခြင်းမရှိပါက ငွေများအားလုံး ဆုံးရှုံးမည်ဟု ထပ်မံလှည့်ဖြားသည်။ တရားလိုက ငွေကျပ်သိန်း ၂၄၀ ကို ပေးသွင်းခိုင်းသည့် အကောင့်များသို့ ပေးသွင်းခဲ့ရာ Mission မှားယွင်းနေသဖြင့် Credit Score 80 သာရှိသဖြင့် ငွေများထုတ်ယူ၍ မရကြောင်းနှင့် Credit Score 100 ပြည့်ရန် ငွေကျပ်သိန်း ၄၀၀ ပေးသွင်းခိုင်းသဖြင့် ပေးသွင်းခဲ့သော်လည်း အကြောင်းအမျိုးမျိုးပြ၍ ငွေများပြန်လည်လွှဲပြောင်းပေးခြင်းမရှိတော့ပေ။ **(မက်လုံးပေးလာရာမှ မိမိ၏ လောဘစိတ်ကြောင့် ငွေများဆုံးရှုံးခဲ့ခြင်းဖြစ်သည်။)**

**အမှုဖြစ်စဉ်(၃) အကျဉ်းချုပ်**

တရားလို ဒေါ်xxxxx အသုံးပြုသည့် xxxxx Facebook အကောင့်သို့ xxxxx အစ်ကိုဖြစ်သူ ဦးxxxxxx အသုံးပြုသည့် xxxxx Facebook အကောင့်မှ ၀၉xxxxx ဖြင့် ဖွင့်လှစ်ထားသည့် xxxxx အမည် KPay အကောင့်သို့ ငွေကျပ် ၁၅ သိန်း တစ်ကြိမ်၊ ငွေကျပ် သိန်း၂၀ နှစ်ကြိမ် စုစုပေါင်း ငွေကျပ် ၅၅ သိန်း ပေးပို့ခဲ့ပြီးရာမှ လိမ်လည်ခံရမှန်း သိရသဖြင့် တိုင်တန်းမှုဖြစ်ပါသည်။

**စိစစ်တွေ့ရှိချက်**

တရားလို ဒေါ်xxxxx အသုံးပြုသည့် xxxxx Facebook အကောင့်သို့ အစ်ကိုဖြစ်သူ ဦးxxxxxx အသုံးပြုသည့် xxxxx Facebook အကောင့်မှ ငွေကြေးလိုအပ်နေကြောင်း ပြောဆိုသဖြင့် ယခင်ကလည်း အမြဲတမ်းငွေလွှဲပြောင်းပေးလေ့ရှိသဖြင့် ၀၉ xxxxx ဖြင့် ဖွင့်လှစ်ထားသည့် xxxxx အမည် KPay အကောင့်သို့ ငွေကျပ် ၁၅ သိန်း တစ်ကြိမ်၊ ငွေကျပ် သိန်း ၂၀ နှစ်ကြိမ် စုစုပေါင်း ငွေကျပ် ၅၅ သိန်း လွှဲပြောင်းပေးခဲ့သည်။ ထို့နောက် ငွေလွှဲပြီးကြောင်း ဦးxxxxx ထံ ဖုန်းဆက်သွယ်ပြောဆိုခဲ့ရာ Facebook အကောင့်ခိုးယူခံထားရကြောင်းနှင့် ငွေများတောင်းခံခဲ့ခြင်းမရှိဟု သိရှိခဲ့ရသည်။ **(မိမိ Social Media Account များ လုံခြုံမှုအားနည်းခြင်းကြောင့် အခြားသူက ခိုးယူသုံးစွဲ၍ အယောင်ဆောင် ငွေကြေးလိမ်လည်ခြင်းဖြစ်သည်။)**

**အမှုဖြစ်စဉ်(၄) အကျဉ်းချုပ်**

တရားလိုက ……… Electronic ရောင်းဝယ်ရေး Facebook Page မှ လျှပ်စစ်ပစ္စည်းများ ရောင်းရန်ရှိသည်ဟု ကြော်ငြာထားသည်ကို တွေ့ရှိသဖြင့် အဆိုပါ Page တွင် ဖော်ပြထားသည့် Viber နံပါတ် ၀၉xxxxx ၌ QD Like A 80 250 Watt မီးသီးဖိုး ငွေကျပ် ၁၄၄၀၀၀၀ ကို KBZ Special Bank Account: xxxxxxx သို့ ပေးသွင်းခဲ့ပြီးနောက် မီးသီးများ ရောက်ရှိလာခြင်းမရှိသဖြင့် တိုင်တန်းမှုဖြစ်ပါသည်။

**စိစစ်တွေ့ရှိချက်**

တရားလိုက …. Electronic ရောင်းဝယ်ရေး Facebook Page မှ လျှပ်စစ်ပစ္စည်းများ ရောင်းရန်ရှိသည်ဟု ကြော်ငြာထားသည်ကို တွေ့ရှိသဖြင့် အဆိုပါ Page တွင် ဖော်ပြထားသည့် Viber နံပါတ် ၀၉ xxxxxx သို့ ဆက်သွယ်၍ QD Like A 80 250 Watt မီးသီးဈေးနှုန်းကို မေးမြန်းသည်။ ဆိုင်မှာ မန္တလေးမြို့၌ တည်ရှိပြီး QD Like A 80 250 Watt မီးသီးတစ်လုံးမှာ ငွေကျပ် ၁၆၀၀၀ ဖြစ်ကြောင်း၊ ပစ္စည်းများအား ကားဂိတ်မှတစ်ဆင့် ပေးပို့ပေးသည်ဟု ဖြေကြားခဲ့ကြောင်း၊ တရားလိုက မီးသီးအလုံး ၉၀ အတွက် ငွေကျပ် ၁၄၄၀၀၀၀ အား Daw xxxxx ၏ KBZ Special Bank Account- xxxxxx သို့ Viber ၌ ငွေလွှဲပြေစာအားပေးပို့ခဲ့ရာ Block ပြုလုပ်သွားခဲ့သည်။ **(အွန်လိုင်းပေါ်၌ တွေ့ရှိရသည့် Facebook Page များအား မြေပြင်၌ ဦးစွာ မစူးစမ်းမဆင်ခြင်ဘဲ ငွေကြေးလွှဲပို့ခဲ့ရာမှ ငွေများဆုံးရှုံးခဲ့ခြင်းဖြစ်သည်။)**

**အမှုဖြစ်စဉ်(၅) အကျဉ်းချုပ်**

တရားလို ဒေါ် xxxxx ၏ ၀၉ xxxxx သို့ ၀၉ xxxxxx ကိုင်ဆောင်သူက ကမ္ဘောဇဘဏ်မှ မန်နေဂျာ ကိုxxxxxx ဖြစ်ကြောင်း၊ KBZ Pay အား ၂၀၂၄ ခုနှစ်အတွက် အကောင့်မြှင့်ရန် လိုအပ်သဖြင့် မှတ်ပုံတင်အမှတ်နှင့် ကုတ်နံပါတ်ပေးရန် ယုံကြည်အောင် ပြောဆိုသဖြင့် ပြောပြခဲ့ပြီးနောက် ၎င်း၏ KBZ Pay အတွင်း ငွေကျပ် ၂၀၆၈၈၇၅ ကျပ်ကို U xxxxx အမည် KBZ Pay အကောင့်သို့ လွှဲပြောင်းခြင်းခံရသဖြင့် အရေးယူပေးပါရန် တိုင်တန်းမှုဖြစ်ပါသည်။

**စိစစ်တွေ့ရှိချက်**

တရားလို ဒေါ် xxxxx ၏ ၀၉ XXXXX သို့ ၀၉ XXXXX ကိုင်ဆောင်သူက ကမ္ဘောဇဘဏ်မှ မန်နေဂျာ ကိုxxxxx ဖြစ်ကြောင်းပြောဆိုပြီး KBZ Pay အား ၂၀၂၄ ခုနှစ်အတွက် အကောင့်မြှင့်ရန် လိုအပ်သဖြင့် မှတ်ပုံတင်အမှတ်နှင့် ကုတ်နံပါတ်ပေးရန် ယုံကြည်အောင် ပြောကြားသည်။ ထို့နောက် ဒေါ် xxxxxx ၏ KBZ Pay အကောင့်မှ U xxxxxx အမည် KBZ Pay အကောင့်သို့ ငွေကျပ် ၁၀ သိန်း နှစ်ကြိမ်၊ ၆၈၈၇၅ ကျပ် တစ်ကြိမ် စုစုပေါင်း ငွေကျပ် ၂၀၆၈၈၇၅ ကျပ် လွှဲပြောင်းပေးပို့ခဲ့သည်။ **(မိမိထံ ဖုန်းဆက်သွယ်လာသူ၏ ပြောဆိုချက်များကို မစူးစမ်းမဆင်ခြင်ဘဲ ယုံကြည်ခဲ့ရာမှ ငွေများဆုံးရှုံးရခြင်းဖြစ်သည်။ )**

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

**အမှုဖြစ်စဉ်(၆) အကျဉ်းချုပ်**

တရားလို ဦးxxxxx ၏ ၀၉ xxxxxxx သို့ ၀၉ xxxxxxx ကိုင်ဆောင်သူက ကမ္ဘောဇဘဏ်မှ မန်နေဂျာ ကို xxxxx ဖြစ်ကြောင်း KBZ Pay အကောင့်မြှင့်ရန် လိုအပ်သဖြင့် မှတ်ပုံတင်အမှတ်နှင့် ကုတ်နံပါတ်ပေးရန် ယုံကြည်အောင် ပြောဆိုသဖြင့် ပြောပြခဲ့ပြီးနောက် ၎င်း၏ KBZ Pay အတွင်း ငွေကျပ် သိန်း ၄၀ ကို U xxxxxxx အမည် KBZ Pay အကောင့်သို့ လွှဲပြောင်းခြင်းခံရသဖြင့် အရေးယူပေးပါရန် တိုင်တန်းမှုဖြစ်ပါသည်။

**စိစစ်တွေ့ရှိချက်**

တရားလို ဦး xxxxxx ၏ ၀၉ xxxxxx သို့ ၀၉ xxxxxx ကိုင်ဆောင်သူက ကမ္ဘောဇဘဏ်မှ မန်နေဂျာ ကို xxxxx ဖြစ်သည်။ KBZ Pay အကောင့်မြှင့်ရန်လိုအပ်သဖြင့် မှတ်ပုံတင်အမှတ်နှင့် ကုတ်နံပါတ်ပေးရန် ယုံကြည်အောင် ပြောဆိုသဖြင့် ပြောပြသည်။ ထို့နောက် ဦးxxxxx ၏ xxxxx KBZ Pay အကောင့်မှ U xxxxx အမည် KBZ Pay အကောင့်သို့ ငွေကျပ် သိန်း ၄၀ အား လွှဲပြောင်းပေးပို့ခဲ့သည်။ **(မိမိထံဖုန်းဆက်သွယ်လာသူ၏ ပြောဆိုချက်များအား မစူးစမ်းမဆင်ခြင်ဘဲ ယုံကြည်ခဲ့ရာမှ ငွေများပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။ Bank ဝန်ထမ်းအယောင်ဆောင်ကာ ငွေများလိမ်လည်ခြင်းဖြစ်သည်။)**

**အမှုဖြစ်စဉ် (၇) အကျဉ်းချုပ်**

တရားလို ကိုxxxxx သည် xxxxx Facebook Page Internet Plan တစ်ခုအား ငွေကျပ် ၉၀၀၀ ဖြင့် တစ်လ သုံးစွဲနိုင်သည်ဟု ဖော်ပြထားသဖြင့် အဆိုပါ Page မှ Register ပြုလုပ်ပေးမည်ဟု ပြောဆိုလာပြီး ဖုန်းနံပါတ်နှင့် မှတ်ပုံတင်အမှတ်တို့အား တောင်းယူ၍ Android Remote Support Software အား Install ပြုလုပ်ခိုင်းသဖြင့် ပြုလုပ်ခဲ့ရာမှ ၎င်း၏ U xxxxx KBZ Pay အကောင့်မှ ၀၉xxxxxx ဖြင့် ဖွင့်လှစ်ထားသည့် xxxxx KBZ Pay အကောင့်သို့ ငွေကျပ် ၁၁၃၇၀၀၀ လွှဲပြောင်းပေးပို့ထားသည်ကို တွေ့ရှိရသဖြင့် တိုင်တန်းမှုဖြစ်ပါသည်။

**စိစစ်တွေ့ရှိချက်**

တရားလို ကိုxxxxx သည် xxxxx Facebook Page Internet Plan တစ်ခုအား ၉၀၀၀ ဖြင့် တစ်လ သုံးစွဲနိုင်သည်ဟု ဖော်ပြထားသဖြင့် အဆိုပါ Internet Plan အား ဝယ်ယူခဲ့သည်။ အဆိုပါ Facebook Page မှ Internet Plan အတွက် Register ပြုလုပ်ပေးမည်ဟု ပြောဆိုပြီး ဖုန်းနံပါတ်နှင့် မှတ်ပုံတင်အမှတ်တို့အား တောင်းလာသဖြင့် ပေးအပ်ခဲ့ပြီး Android Remote Support Software အား Install ပြုလုပ်ခိုင်းသဖြင့် ပြုလုပ်ခဲ့သည်။ ထို့နောက် တရားလို U xxxxx KBZ Pay အကောင့်မှ ၀၉xxxxx ဖြင့် ဖွင့်လှစ်ထားသည့် xxxxx KBZ Pay အကောင့်သို့ ငွေကျပ် ၁၁၃၇၀၀၀ လွှဲပြောင်းပေးပို့ထားသည်ကို တွေ့ရှိရသည်။ **(ဖုန်း Remote Control ဆော့ဖ်ဝဲလ်များအကြောင်း မသိရှိခြင်းကြောင့် ငွေများဆုံးရှုံးရခြင်းဖြစ်သည်။ Phishing Software များအသုံးပြု၍ ဘဏ်အကောင့် အချက်အလက်များ ရယူအသုံးပြုကာ ငွေများဆုံးရှုံးရခြင်းဖြစ်သည်။)**

**အမှုဖြစ်စဉ်(၈) အကျဉ်းချုပ်**

တရားလို ဒေါ်xxxxx သည် Facebook ၌ စုကြေးလုပ်ငန်းများ၊ စုမဲအရောင်း / အဝယ်လုပ်ငန်းများ လုပ်ကိုင်သူ ဒေါ်xxxxx နှင့် အွန်လိုင်း၌ ခင်မင်ရင်းနှီးခဲ့ပြီး စုမဲများဝယ်ယူခဲ့ရာမှ ဒေါ်xxxxx က အကြောင်းအမျိုးမျိုးပြ၍ တိမ်းရှောင်နေသဖြင့် အရေးယူပေးပါရန် တိုင်တန်းမှုဖြစ်ပါသည်။

**စိစစ်တွေ့ရှိချက်**

အွန်လိုင်း၌ ခင်မင်ရင်းနှီးခဲ့ပြီး စုမဲများဝယ်ယူခဲ့ရာမှ လိမ်လည်ခံရသဖြင့် ငွေများဆုံးရှုံးရခြင်းဖြစ်သည်။

**အမှုဖြစ်စဉ်(၉) အကျဉ်းချုပ်**

တရားလို ဦးxxxxx သည် Telegram Account, @KYAWYE 11 BOT မှ ငွေလဲလှယ်ကြောင်း ကြေညာထားသည်ကိုတွေ့ရှိသဖြင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ဖိုး လဲလှယ်လိုကြောင်း ပြောဆိုခဲ့ရာ တစ်ဒေါ်လာလျှင် ငွေကျပ် ၃၅၅၁ ကျပ်ဖြစ်ကြောင်း ပြောဆိုသဖြင့် ဒေါ်လာ ၁၀၀၀၀ ဖိုး လဲလှယ်မည်ဖြစ်ကြောင်း မက်ဆေ့ချ်ပို့ခဲ့ရာ အဆိုပါ Telegram Account မှ KBZ Banking အကောင့်နံပါတ် xxxxx (xxxxx) သို့ ငွေကျပ် ၃၅၅၁၀၀၀၀ အား လွှဲပြောင်းပေးခဲ့သော်လည်း ဒေါ်လာများပြန်လည်ပေးပို့ခြင်း မရှိသဖြင့် အရေးယူပေးပါရန် တိုင်တန်းမှုဖြစ်ပါသည်။

**❑ ဆိုက်ဘာလုံခြုံရေးဥပဒေ (Cyber Security Law )ကို မြန်ဆန်စွာ အတည်ပြုနိုင်ပါက ပြည်သူအပေါ် သတင်းအဆိပ်ခတ်နေသည့် တစ်ဖက်ပိတ် မီဒီယာများ၏ သတင်းတု၊ သတင်းမှားများအပေါ်တွင် ဟန့်တားလာနိုင်ဖွယ်ရှိသည့်အပြင် အွန်လိုင်းပေါ်တွင် ကျူးလွန်သည့်အမှုများကို ထိန်းသိမ်းကာကွယ်နိုင်မည်**

**စိစစ်တွေ့ရှိချက်**

တရားလို ဦးxxxxx သည် Telegram Account, @KYAWYE 11 BOT ၌ အမေရိကန် ဒေါ်လာ ၁၀၀၀၀ ဖိုး လဲလှယ်လိုကြောင်းပြောဆိုခဲ့ရာ တစ်ဒေါ်လာလျှင် ၃၅၅၁ ကျပ်ဖြစ်ကြောင်း ပြောဆိုသဖြင့် ဒေါ်လာ ၁၀၀၀၀ ဖိုး လဲလှယ်မည်ဖြစ်ကြောင်း မက်ဆေ့ချ်ပို့ခဲ့ရာ အဆိုပါ Telegram Account မှ KBZ Banking အကောင့်နံပါတ် xxxxxx (xxxxx) သို့ ငွေကျပ် ၃၅၅၁၀၀၀၀ အား လွှဲပြောင်းပေးခဲ့သည်။ အဆိုပါ Telegram Account မှ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ပြန်လည်ပေးပို့ခြင်းမရှိခဲ့။ **(မစူးစမ်းမဆင်ခြင်ဘဲ ငွေများအား လွှဲပြောင်းပေးပို့ခဲ့ရာမှ ငွေများဆုံးရှုံးရခြင်းဖြစ်သည်။ အကျိုးအမြတ်အား မက်လုံးပေးလိမ်လည်၍ Social Media မှတစ်ဆင့် ငွေကြေးများလိမ်လည်ရယူခြင်းဖြစ်သည်။)**

**အမှုဖြစ်စဉ်(၁၀) အကျဉ်းချုပ်**

တရားလို ဦးxxxxxx သည် အစ်မဖြစ်သူထံသို့ စင်ကာပူဒေါ်လာပို့ရန်အတွက် CB Bank မှ စင်ကာပူဒေါ်လာ ၁၇၀၀ အား xxxxxx Money Exchange သို့ ငွေလွှဲပြောင်းပေးပို့သည့် လိမ်လည်မှုကို တိုင်တန်းမှုဖြစ်ပါသည်။

**စိစစ်တွေ့ရှိချက်**

တရားလို ဦးxxxxx သည် မြန်မာငွေနှင့် စင်ကာပူဒေါ်လာ လဲလှယ်၍ရသည်ဟု သိရှိရသော xxxxx Money Exchange အမည် Facebook Account သို့မေးမြန်းခဲ့ပြီး စင်ကာပူဒေါ်လာ ၁၇၀၀ နှင့်ညီမျှသော မြန်မာငွေကျပ် ၄၁၁၄၀၀၀ ကို CB Bank မှ xxxxx (xxxxx) သို့ ပေးပို့ခဲ့ပြီးနောက် xxxxx Money Exchange Facebook Account ပိတ်သွား၍ ငွေကြေးလိမ်လည်မှုပြုလုပ်ခံခဲ့ရသည်။ **(Money Exchange အမည်ဖြင့် နာမည်တူ Facebook Page အတုများပြုလုပ်၍ တရားဝင်ဆိုင်များအဖြစ် အသွင်ယူ၍ ငွေကြေးလိမ်လည်ခြင်းဖြစ်သည်။)**

**မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဂ) ဖြင့် အရေးယူဆောင်ရွက်ခဲ့သော အမှုများအနက်မှ ဆုံးရှုံးနစ်နာမှုငွေကြေးပမာဏ အများဆုံးဖြစ်သောအမှုမှာ အိမ်ဆောက်ပစ္စည်းဆိုင်တစ်ခုမှ လူသုံးကုန်ပစ္စည်းများ ရောင်း/ဝယ်ရေးအတွက် အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်ရာမှ ခင်မင်ရင်းနှီးခဲ့သူက ၎င်းသည်ငွေလဲလှယ်သည့်လုပ်ငန်းလုပ်ကိုင်ကြောင်း၊ အဆိုပါလုပ်ငန်းမှ အကျိုးအမြတ်များစွာ ရရှိနိုင်မည်ဖြစ်ကြောင်း ယုံကြည်အောင်ပြောဆိုပြီး KBZ၊ CB၊ AYA ဘဏ်အကောင့်နှင့် KBZ Payစသည့် ဘဏ်အကောင့်အသီးသီးတို့မှ ငွေလွှဲပြောင်းစေ၍ ငွေကျပ် သိန်းပေါင်း ၁၅၀၀၀ ကျော်ခန့် လိမ်လည်ရယူသွားသဖြင့် အရေးယူဆောင်ရွက်မှုဖြစ်သည်။**

ထို့ပြင် နိုင်ငံအလိုက်ဖြစ်ပေါ်နေသည့် ဆိုက်ဘာမှုခင်းပြစ်မှုများအနေဖြင့် ဆုချီးမြှင့်မှု အကျိုးခံစားခွင့်ဆိုင်ရာ လိမ်လည်မှုများ၊ Call Center လိမ်လည်မှုများ၊ ငွေစုငွေချေးလိမ်လည်မှုများ၊ Online Banking ဆိုင်ရာ Fake Application များ ဖြင့် လိမ်လည်မှုများ၊ ဆက်သွယ်ရေးလိမ်လည်မှုများ၊ ငွေကြေးလိမ်လည်မှုများ၊ ကုန်သွယ်ရေးလိမ်လည်မှုများ၊ ရင်းနှီးမြှုပ်နှံမှုလိမ်လည်မှုများ၊ Facebook Account အတုများဖြင့် အွန်လိုင်းအရောင်းအဝယ်လိမ်လည်မှုများ၊ Website အသုံးပြု၍ လိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားများ အစရှိသဖြင့် နိုင်ငံအလိုက်ဖြစ်ပေါ်နေသော ဆိုက်ဘာမှုခင်းပြစ်မှုများမှာ တူညီမှုမရှိနိုင်သော်လည်း ဘုံတူညီနေသည့် ဆိုက်ဘာမှုခင်းများမှာ အွန်လိုင်းမှတစ်ဆင့် လိမ်လည်လှည့်ဖြားနေသည့် Social Engineering Attack ပင်ဖြစ်သည်။

**ထို Social Engineering Attack ၏ သဘောတရားမှာ အများယုံကြည်နိုင်လောက်အောင် တည်ဆောက်၍ ဖွဲ့စည်းပြင်ဆင်မှုများ ကြိုတင်စီမံထားရှိကာ ယုံကြည်အောင် အယုံသွင်းနိုင်လောက်သည့် အချိန်တွင် ၎င်းတို့၏ Account / Page အားဖျက်၍ Sim Card လွှင့်ပစ်ပြီး ငွေကြေးရယူသည့် နည်းလမ်းများပင်ဖြစ်ပါသည်။ အထူးသဖြင့် ငွေတုရောင်းဝယ်မှုများတွင် ၎င်းနည်းလမ်းများ အဓိကအသုံးပြုကြကြောင်း တွေ့ရှိရသည်။**

အဆိုပါ လိမ်လည်မှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့မှ စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ အွန်လိုင်းကုန်ပစ္စည်းရောင်းချမှု၊ ငွေတုရောင်းဝယ်ရေးအကြောင်းပြုလိမ်လည်မှုများတွင် အသုံးပြုသည့် အချို့ဖုန်းနံပါတ်များ၊ Profile များနှင့် မှတ်ပုံတင်များမှာ အတုများကို အသုံးပြုထားခြင်းကြောင့် ဖော်ထုတ်ရာတွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါသည်။ ထို့ကြောင့် အွန်လိုင်းလိမ်လည်မှုများကို ဆောင်ရွက်ခွင့်ရနေသည့် မိမိတို့နိုင်ငံ၏ အားနည်းချက်မှာ တယ်လီဖုန်း Sim Card များအပေါ် မှတ်ပုံတင်နိုင်မှုကို မြန်ဆန်စွာ ဆောင်ရွက်နိုင်မှုမရှိခြင်း၊ မှတ်ပုံတင်များဖြင့် လိမ်လည်မှုမရှိနိုင်စေရန်၊ eID (ခေါ်) မှတ်ပုံတင်ရေး ကိစ္စရပ်များ ယခုထိ နှောင့်နှေးကြန့်ကြာမှုများ မဖြစ်စေရန်၊ အချိန်မီပူးပေါင်းဆောင်ရွက် ကုစားကြရန် လွန်စွာအရေးကြီးပါသည်။

ထို့ပြင် နိုင်ငံသားစိစစ်ရေးကတ်အတုဖြင့် ဘဏ်ငွေစာရင်း (သို့မဟုတ်) Mobile Pay စာရင်းများ ဖွင့်လှစ်ခြင်းမရှိစေရန် ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့က စိစစ်ကြပ်မတ်ရမည်ဖြစ်ပြီး ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြုသည့် ငွေကြေးလိမ်လည်မှုဖြစ်စဉ်များမှ တရားခံဖော်ထုတ်ဖမ်းဆီးရာတွင် ပြစ်မှုကျူးလွန်သူ၏ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ရရှိစေရန် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အတွက် နည်းပညာအထောက်အကူပြုပစ္စည်း အားနည်းနေသေးသည့်အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လိုအပ်လျက်ရှိပါသည်။

အဆိုပါ မိုဘိုင်းငွေပေးချေမှုလမ်းကြောင်းများမှ ငွေကြေးလိမ်လည်မှု မှုခင်းများ ဖြေရှင်းဆောင်ရွက်ရာတွင် ဒေသတွင်းနိုင်ငံများနည်းတူ Anti-Scam Center (လိမ်လည်မှုတိုက်ဖျက်ရေးစင်တာ) များ ဖွင့်လှစ်နိုင်မှုမရှိသေးသဖြင့် ထိုမှုခင်းများအား ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မှု မရှိသေးကြောင်းကိုလည်း တွေ့ရှိရပါသည်။ သို့ရာတွင် မြန်မာနိုင်ငံအနေဖြင့် ငွေကြေးလိမ်လည်မှုများအား အချိန်မီတားဆီးရေးနှင့် အရေးယူမှုမြန်ဆန်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (Action Task Force) ကို ဖွဲ့စည်းပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဦးဆောင်၍ စောင့်ကြည့်ထိန်းသိမ်းလျက်ရှိပါသည်။

အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်လျက်ရှိသည့် တရားမဝင် ငွေရေးကြေးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ Social Media [Facebook ၊ TikTok ၊ X (Twitter)] များတွင် စောင့်ကြည့်ခြင်း၊ သံသယဖြစ်ဖွယ် ဝက်ဘ်ဆိုက် (Website) များနှင့် တရားမဝင် နိုင်ငံခြားငွေ ဈေးကစားလျက်ရှိသော ဝက်ဘ်ဆိုက် (Website) များ၊ လောင်းကစား Page များ၊ တရားမဝင်ဆောင်ရွက်လျက်ရှိသည့် Viber Group များ၊ Application များ၊ Link များအား အချိန်ပြည့် စောင့်ကြည့်စိစစ်ဖော်ထုတ်ပြီး ပိတ်သိမ်းနိုင်ရေးနှင့် ၎င်းနှင့်ဆက်စပ်လျက်ရှိသော ဖုန်းနံပါတ်၊ ငွေစာရင်းများနှင့် မိုဘိုင်းငွေကြေးစာရင်းများအား တားဆီးပိတ်သိမ်းခြင်းများ ဆောင်ရွက်ရန် အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်လျက်ရှိသည့် တရားမဝင် ငွေရေးကြေးရေးလုပ်ငန်းများကို စုံစမ်းဖော်ထုတ်၊ တားဆီးအရေးယူမှုဆိုင်ရာ လုပ်ငန်းအဖွဲ့အား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၄) ဖြင့် ထုတ်ပြန်ထားရှိခဲ့သည့် အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းအမှားများတင်ခြင်း၊ မဖွယ်မရာများတင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်းအပေါ် ဥပဒေကြောင်းအရ တားမြစ်အရေးယူဆောင်ရွက်နိုင်ရေး ကော်မတီ၏ လုပ်ငန်းစဉ်များကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသော်လည်း နည်းပညာအထောက်အကူပြုပစ္စည်း မရှိသည့်အတွက် လျင်မြန်တိကျစွာ ဆောင်ရွက်နိုင်ရေး နှောင့်နှေးမှုများ ရှိနေပါသည်။

မြန်မာနိုင်ငံအနေဖြင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုပေးသူများနှင့်ပတ်သက်၍ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ စည်းမျဉ်းနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေတို့ကို ထုတ်ပြန်ထားရှိပြီး Payment Frauds နှင့်ပတ်သက်၍ ဥပဒေပြဋ္ဌာန်းထားခြင်း မရှိသေးသော်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည့် ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် ငွေကြေးလိမ်လည်မှုများနှင့်စပ်လျဉ်း၍ တားဆီးကာကွယ်ရန် သတင်းအချက်အလက်ရယူခြင်းနှင့် စစ်ဆေးဖော်ထုတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်လျက်ရှိသည့်အပြင် ၎င်းမှုခင်းများအပေါ် ရာဇသတ်ကြီးဥပဒေ၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (၂၀၀၄) နှင့် ဆက်သွယ်ရေးဥပဒေ (၂၀၁၃) တို့ဖြင့်အရေးယူဆောင်ရွက်လျက်ရှိပြီး ဆိုက်ဘာလုံခြုံရေးဥပဒေကို ရေးဆွဲလျက်ရှိရာ မူကြမ်းအဆင့်မှ အတည်ပြုနိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။

ဆိုက်ဘာလုံခြုံရေးဥပဒေ (Cyber Security Law )ကို မြန်ဆန်စွာ အတည်ပြုနိုင်ပါက ပြည်သူအပေါ် သတင်းအဆိပ်ခတ်နေသည့် တစ်ဖက်ပိတ် မီဒီယာများ၏ သတင်းတု၊ သတင်းမှားများအပေါ်တွင် ဟန့်တားလာနိုင်ဖွယ်ရှိသည့်အပြင် အွန်လိုင်းပေါ်တွင်ကျူးလွန်သည့်အမှုများကို ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ပါသည်။

နိဂုံးချုပ်တင်ပြလိုသည်မှာ ပြည်သူလူထုအနေဖြင့် မိုဘိုင်းငွေရေးကြေးရေးလိမ်လည်မှုများကို ကာကွယ်တားဆီးနိုင်ရန်နှင့် မိုဘိုင်းငွေကြေးလိမ်လည်မှုများနှင့်စပ်လျဉ်းပြီး အထက်ပါအကြောင်းအရာ၊ အချက်အလက်များကို ထပ်ဆင့်ဝေမျှသွားရန် တိုက်တွန်းလိုပါသည်။

မသမာသူများက လိမ်လည်မှု ကျူးလွန်ရာတွင် မိုဘိုင်းငွေပေးချေမှုလမ်းကြောင်းများ အသုံးပြုလာမှုအပေါ် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် အသိပညာနည်းပါးနေသေးသည့် ပြည်သူများ၏ အကျိုးစီးပွားအလို့ငှာ နည်းပညာလုံခြုံရေး (IT Security) မြှင့်တင်ပေးခြင်းဖြင့် ကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

**(နောင်တွင် လက်ကမ်းစာစောင်၊ TikTok ၊ Telegram ၊ YouTube တို့တွင် ပြည်သူများ သတိပြုနိုင်ရန် အွန်လိုင်းအန္တရာယ် အသိပညာပေးမှုများကို ဖော်ပြပေးသွားပါမည်။)**

# တရားမဝင် စက်သုံးဆီများ၊ သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဒီဇင်ဘာ ၁၅**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၁ ရက်တွင် ကျောက်ဆည်မြို့နယ် ရွှေသာလျောင်းတောင် ကြိုးပြင်ကာကွယ်တောအနီး၌ တရားမဝင်သစ်ခုတ်ရာတွင် အသုံးပြုသည့် Komatsu ဘက်ဟိုးယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ ဒီဇင်ဘာ ၁၄ ရက်တွင် ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ မုံရွာမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၅ မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၈၁၄၁၂)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀) နှင့် မန္တလေးမြို့မှ ရွှေဘိုမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်စက်သုံးဆီ ဓာတ်ဆီ ၇၀ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၄၀၁၀) နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Pick Up မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်းအနီး၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၂၉၉၆၆၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Hino Profia Truck တစ်စီး၊ Isuzu Giga Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀၀)၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ကျောက်ဆည်တက္ကသိုလ်အနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၂၅၃၃၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Chin Dwin Star Light Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၀၀၀၀၀၀) နှင့် မြစ်ငယ် Dry Port အနီး၊ သော်တာဝင်းတိုးဂိတ်အကျော်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၄၅၂၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၀၀၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၄၆၄၂၉၀၂ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၁၃ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၁၄ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့ MFD အိမ်ရာဝင်း၊ ကြယ်စင် (၄) လမ်းရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၄၇၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်၊ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၂၀)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၅၈၃၉၉၀၂) ကိုဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတကာသတင်း

### ပြင်သစ်နိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်၊ ၁၄ ဦးသေဆုံးပြီး ဆိုးရွားစွာပျက်စီး

**ပါရီ ဒီဇင်ဘာ ၁၅**

ပြင်သစ်နိုင်ငံ မာယော့တီကျွန်း၌ ဒီဇင်ဘာ ၁၄ ရက်က ဆိုင်ကလုန်းမုန်တိုင်းချီဒို ဝင်ရောက်တိုက်ခတ်သဖြင့် လူ ၁၄ ဦးထက်မနည်းသေဆုံးပြီး ကျွန်းအတွင်း အလွန်ဆိုးရွားသည့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ကြောင်း ဒီဇင်ဘာ ၁၅ ရက်တွင် ပြင်သစ်မီဒီယာက ထုတ်ပြန်ထားသည်။



မုန်တိုင်းဝင်ရောက် တိုက်ခတ်မှုကြောင့် ဒဏ်ရာရရှိသူများမှာ မာယော့တီဗဟိုဆေးရုံ၌ ဆေးကုသမှု ခံယူလျက်ရှိကာ ကိုးဦးမှာ စိုးရိမ်ရသည့် အခြေအနေတွင်ရှိပြီး အခြား လူ ၂၄၆ ဦးမှာ ဒဏ်ရာမစိုးရိမ်ရကြောင်း မြို့တော်မာမွတ်ဇူ၏ မြို့တော်ဝန် အမ်ဘ်ဒယ်ဝါဟီဒွေ့ ဆိုမိုင်လာက ပြောကြားသည်။

မုန်တိုင်းကြောင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားပြီး သွားလာ၍ မရတော့ကြောင်း၊ အစားအစာနှင့် ရေများလည်း လိုအပ်လျက်ရှိကြောင်း မြို့တော်ဝန်ဆိုမိုင်လာက ဒေသတွင်း မီဒီယာများသို့ ပြောကြားသည်။

ပြင်သစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီး ဘရူနိုရီတေးလီယိုက ဒီဇင်ဘာ ၁၅ ရက်ညနေပိုင်းတွင် မုန်တိုင်းတိုက်ခတ်ခဲ့သည့် နေရာသို့ သွားရောက်ရန် စီစဉ်ထားကြောင်း သိရသည်။ **ဆင်ဟွာ**

### ကာတာလူမှုရေးအဖွဲ့က ဆီးရီးယားသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်

**ဒိုဟာ ဒီဇင်ဘာ ၁၅**

ကာတာလူမှုရေးအဖွဲ့နှင့် ဒိုဟာမြို့ အခြေစိုက်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့တို့သည် ဆီးရီးယားနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းများပါဝင်သည့် အကူအညီပေးရေး ယာဉ်အစီး ၄၀ ခန့် စေလွှတ်ခဲ့သည်ဟု ကာတာသတင်းအေဂျင်စီတွင် ဒီဇင်ဘာ ၁၄ ရက်က ဖော်ပြသည်။

ဆောင်းရာသီကာလ ပြင်းထန်သည့် အအေးဒဏ်ကြောင့် ဒေသခံများ အခြေအနေပို၍ ဆိုးရွားမည်ကို စိုးရိမ်သည့်အတွက် အရေးပေါ် လိုအပ်ချက်များနှင့် ကိုက်ညီအောင် ပေးပို့ခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

အဆိုပါ အကူအညီပေးရေး ပစ္စည်းများထဲတွင် မိသားစုများနှင့် မုန့်ဆိုင်များအတွက် ဂျုံမှုန့်များ၊ မရှိမဖြစ်လိုအပ်သောပစ္စည်းများပါဝင်သည့် အစားအစာတောင်းများ၊ ဆောင်းရာသီအဝတ်အထည်များ၊ တစ်ကိုယ်ရေသန့်ရှင်းရေး အသုံးအဆောင်ပစ္စည်းများ၊ ဆေးဘက်ဆိုင်ရာ ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ပါဝင်သည်။

အကူအညီပေးရေးယာဉ်တန်းတွင် ပါဝင်သည့် ပစ္စည်းများ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၄ သန်းခန့်ရှိသည်ဟု ကာတာ သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။ ဆီးရီးယားနိုင်ငံတွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အရေးပေါ် လိုအပ်နေသူပေါင်း ၁၆ သန်းကျော်ရှိပြီး ၎င်းတို့ထဲမှ တစ်သန်းခန့်မှာ နိုဝင်ဘာ ၂၈ ရက်ကတည်းက နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသည့် အမျိုးသမီးများနှင့် ကလေးများဖြစ်ကြောင်း ကုလသမဂ္ဂက ခန့်မှန်းထားသည်။ ကာတာနိုင်ငံသည် ၂၀၁၁ ခုနှစ် ဇူလိုင်လအတွင်းက စတင်၍ ဆီးရီးယားနိုင်ငံရှိ ၎င်းတို့သံရုံးကို ပိတ်ပစ်ကာ သံအမတ်ကြီးကို ပြန်လည်ခေါ်ယူခဲ့သည်။ **ဆင်ဟွာ**

### အာဖဂန်နိုင်ငံမြောက်ပိုင်း၌ သတ္တုတွင်းပြိုကျ လုပ်သား ၃၅ ဦး အပျက်အစီးများအောက်ပိတ်မိ

**ကဘူးလ် ဒီဇင်ဘာ ၁၅**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဆာမန်ဂန်ပြည်နယ်၌ သတ္တုတွင်း လုပ်သား ၃၅ ဦးခန့် အပျက်အစီးများအောက်ပိတ်မိနေသည်ဟု ဒေသခံအရာရှိများက ဒီဇင်ဘာ ၁၅ ရက်တွင် ပြောသည်။ ပိတ်မိနေသည့် သတ္တုတွင်းလုပ်သားများကိုကယ်တင်ရန် ကယ်ဆယ်ရေးအဖွဲ့နှင့် ဆေးလုပ်သားများကို စေလွှတ်ထားကြောင်း ပြည်နယ်ကျန်းမာရေးညွှန်ကြားရေးမှူး ဆေယက်အူစမန် ဟာမစ်ဒီက ပြောသည်။

ဒီဇင်ဘာ ၁၄ ရက်ညပိုင်းက သတ္တုတွင်းလုပ်သားများမှာ ကျောက်မီးသွေးတွင်း၌ အလုပ်ရှုပ်နေစဉ် တွင်းပြိုကျမှုဖြစ်ပွားခဲ့ရာ လုပ်သားအချို့ အပျက်အစီးများအောက် ပိတ်မိနေခဲ့သည်ဟု ပြည်နယ်ရဲအရာရှိက ဒီဇင်ဘာ ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

အပျက်အစီးများအောက် ပိတ်မိနေသည့်လူများကို ကယ်တင်ရန် ရဲများ၊ ဒေသခံအရာရှိများနှင့်ရွာသားများ အခင်းဖြစ်ပွားရာနေရာသို့ အပြေးအလွှားရောက်ရှိခဲ့ကြသည်ဟု သိရသည်။ **ဆင်ဟွာ**

### မော်လ်ဒိုက်နိုင်ငံတစ်ဝန်း အီးစီးကရက် (Vape) သောက်သုံးခြင်းကို ပိတ်ပင်

**မာလီ ဒီဇင်ဘာ ၁၅**

မော်လ်ဒိုက်နိုင်ငံ၌ ဒီဇင်ဘာ ၁၄ ရက် ညပိုင်းမှစတင်၍ အီးစီးကရက်(Vape)ရောင်းချခြင်းနှင့် သောက်သုံးခြင်းတို့ကို ပိတ်ပင်တားဆီးကြောင်း ပြည်သူ့ဝန်ဆောင်မှုမီဒီယာတွင် ဖော်ပြထားသည်။ အဆိုပါတားမြစ်ချက်သည် နိုဝင်ဘာ ၁၃ ရက်တွင် သမ္မတမိုဟာမက်မူအစ်ဇ်က လက်မှတ်ရေးထိုးခဲ့သည့် ဆေးရွက်ကြီး ထိန်းချုပ်ရေး ဥပဒေပြင်ဆက်ချက်၏ နောက်ဆက်တွဲလည်းဖြစ်သည်။

အဆိုပါပြင်ဆင်ချက်တွင် အီးစီးကရက်ရောင်းချခြင်း၊ အခမဲ့ဖြန့်ဖြူးခြင်းနှင့် သုံးစွဲခြင်းတို့ကို ဒီဇင်ဘာ ၁၅ ရက်မှစတင်၍ တရားမဝင်ဟု ပြဋ္ဌာန်းလိုက်ခြင်းဖြစ်သည်။ မော်လ်ဒိုက်သို့ အီးစီးကရက်များ တင်သွင်းပါက အမေရိကန်ဒေါ်လာ ၃၂၅၀ ဒဏ် ရိုက်မည်ဟု သိရသည်။ **ဆင်ဟွာ**

# ပဲခူးမြို့ ဆုတောင်းပြည့်ရွှေသာလျောင်းဘုရား၌ (၃၅) ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူ


**ပဲခူး ဒီဇင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှဦးဆောင်၍ ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းက ပဲခူးမြို့ ဆုတောင်းပြည့် ရွှေသာလျောင်းဘုရား၌ (၃၅) ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲ ပြုလုပ်သည်။

ဦးစွာ ပဲခူးမြို့ ဆုတောင်းပြည့်ရွှေသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း မင်္ဂလာအခမ်းအနားပြုလုပ်ရာ ဩဝါဒါစရိယ ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ ပူဇော်ကြသည်။

ထို့နောက် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း အလှူတော်မင်္ဂလာပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အလှူရှင်များက သံဃာအပါး ၁၃၀ နှင့် သီလရှင်အပါး ၁၅၀ တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူ ပူဇော်ကြသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူးစီစဉ် ပြုလုပ်သည့် ပဲခူးမြို့ဆုတောင်းပြည့် ရွှေသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ (၉၉) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဒီဇင်ဘာ ၉ ရက်မှ ၁၆ ရက်အထိ ရှစ်ရက်တိုင်တိုင် ပဋ္ဌာန်းပွဲများ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ၊ ဆွမ်းတော်ကြီးကပ်လှူပွဲများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ပြုလုပ်လျက်ရှိပြီး ဘုရားပွဲဈေးတန်းတွင် အနယ်နယ် အရပ်ရပ်မှ လာရောက်ရောင်းချသည့် ဈေးဆိုင်ခန်း ပေါင်း ၂၀၀ ကျော်ရှိကာ ဘုရားဖူးလာပြည်သူများ နှင့် အထူးစည်ကားလျက်ရှိကြောင်း ပဲခူးမြို့ရှိ ဆုတောင်းပြည့် တန်ခိုးကြီးဘုရားဖြစ်သည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၊ ရွှေဂူလေးဘုရား၊ ရွှေဂူကြီးဘုရား၊ မဟာစေတီတော်မြတ်ကြီး၊ ကျိုက်ပွန်ဘုရား၊ ဆုတောင်းပြည့် ကျိုက်ပညာယျ စေတီတော်မြတ်ကြီးနှင့် အခြားဘုရားစေတီပုထိုး များတွင်ပြည်တွင်း/ပြည်ပ ဘုရားဖူးလာကြသူများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။



**တိုင်းဒေသကြီး (ပြန်/ဆက်)**

## အောင်ဇမ္ဗူဆုတောင်းပြည့်စေတီတော် ရွှေထီးတော်တင်လှူပွဲ အခမ်းအနားကျင်းပ

**မိုင်းဖြတ် ဒီဇင်ဘာ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒောဘာသ အမှူးပြု၍ အလှူရှင်များက စုပေါင်းတည်ထား ကိုးကွယ်တော်မူသည့် အောင်ဇမ္ဗူဆုတောင်းပြည့်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို) ကျောင်းတိုက်အတွင်း၌ စည်ကား သိုက်မြိုက်စွာ ဆင်ယင်ကျင်းပ သည်။

ဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ခဲ့သည်။ ထို့နောက် ဘဒ္ဒန္တသုနန္ဒ အရှင်သူမြတ်က သမ္ဗာဒေဝနတ်ဖြုဟ္မာများကို ဖိတ်ကြား၍ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဣန္ဒြေါဘာသ ထံမှပရိသတ်များက ကိုးပါး သီလ ခံယူဆောက်တည်ခဲ့ကြသည်။ ယင်းနောက် သံဃာတော် အရှင်သူမြတ်တို့ထံ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်များနှင့် နဝကမ္မဝတ္ထုငွေများကို ဗိုလ်မှူးကြီး သန့်လွင်စိုးနှင့် စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးနှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များက ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ဆရာတော်ကြီးများ၊ ဘုရားဒါယကာ၊ ဒါယိကာမများက ရတနာစိန်ဖူးတော်၊ ဌက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်များကိုပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးကြိမ်လှည့်လှည်ပူဇော်ခဲ့သည်။ ယင်းနောက် အခမ်းအနားအပြီးတွင် သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်ခြင်း၊ ဧည့်ခံကျွေးမွေးခြင်း အစီအစဉ်များကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**သန်းထွန်းအေး (ပြန်/ဆက်)**

## တပ်ကုန်းမြို့နယ်၌ မဟာတိလောကသိမ်တော်ကြီး ရေစက်ချအခမ်းအနားကျင်းပ

**တပ်ကုန်း ဒီဇင်ဘာ ၁၅**



ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာ သဒ္ဓမ္မပါလ မဟာဇေယျံ ကျောင်းတိုက်အတွင်း ငွေကျပ်သိန်း ၁၀၀၀ မတည် အလှူရှင်မိသားစုနှင့် စေတနာရှင် အလှူရှင်များ၏ စုပေါင်း ထည့်ဝင်ငွေဖြင့် ဆောက်လုပ်ထားသည့် မဟာတိလောက သိမ်တော်ကြီး ရေစက်သွန်းချ မင်္ဂလာ အခမ်းအနားနှင့် အဆိုပါကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်ဘဒ္ဒန္တတိလောကသာရအား ပုနေ့ပသမ္ပဒသိက္ခာထပ် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုပူဇော် ကန်တော့ကြ၍ တရားနာ ဧည့် ပရိသတ်အပေါင်းတို့က နေပြည်တော် တပ်ကုန်းမြို့ မြို့ဦးကျောင်းတိုက်ဆရာတော် ဦးပဏ္ဏဝ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် မေတ္တာသုတ်နှင့် ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာ ဝဲကြီးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာဒိစ္စဝံသ အရှင်သူမြတ်ထံမှ ဝမ်းမြောက်အနုမောဒနာ တရားနာကြားကာ ရေစက်သွန်းချအမျှ ပေးဝေပြီးနောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**မောင်မွှေး**

❖ *ကျောဖုံးမှ*

သို့သော် ကွင်းလယ်ကစားသမား ဝေလင်းအောင်မှာမူ ပွဲပယ်ပြစ်ဒဏ်ကြောင့် လာအိုနှင့်ပွဲ လွဲချော်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းအပါအဝင် ပြိုင်ပွဲဝင်အသင်းအားလုံးနီးပါးမှာ ကလပ်အသင်းက ကစားသမားမစေလွှတ်ပေးမှုကြောင့် အမာခံကစားသမားမစုံလင်ဘဲ ယှဉ်ပြိုင်နေရခြင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုလက်ကျန်ပွဲများအဖြစ် ဒီဇင်ဘာ ၁၈ ရက်တွင် လာအိုအသင်းနှင့် အိမ်ကွင်း၊ ဒီဇင်ဘာ ၂၁ ရက်တွင် ဗီယက်နမ်အသင်းနှင့် အဝေးကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုနှစ်ပွဲကစား တစ်မှတ်ရရှိထားသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြင့်မားရေး ဆွေးနွေး

**ပြည် ဒီဇင်ဘာ ၁၅**

စိုက်ပျိုးရေးဦးစီးဌာန အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ၊ စီမံကိန်း၊ ငွေစာရင်း) ဦးထွန်းထွန်းထွေးနှင့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) အတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာန အရာထမ်း/ အမှုထမ်းများနှင့်တွေ့ဆုံ၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် ဝန်ထမ်းများစွမ်းဆောင်ရည် မြင့်မားရေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပြည်မြို့ရှိ စိုက်ပျိုးရေး ဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူးရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးအဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ်က စိတ်ပိုင်းဆိုင်ရာ/ ရုပ်ပိုင်းဆိုင်ရာ ပြုမူနေထိုင်ကျင့်ကြံဆောင်ရွက်ရမည့် အကြောင်းများနှင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာအကြောင်းများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ဝင်းထွန်းက ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ဝန်ထမ်းများစိတ်ဓာတ် စည်းကမ်းကောင်းမွန်ရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေးဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က ယင်းတင်ပြချက်များနှင့် ဝန်ထမ်းများ၏ ဝန်ထမ်းရေးရာတင်ပြချက်များအပေါ် လိုအပ်သည့်ညွှန်ကြားမှုများနှင့် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။




**ကိုဆက်(ပြန်/ဆက်)**

❍ *ကျောဖုံးမှ*

သွင်းဂိုးကို ဗွီအေအာရ်ပြန်လည်ကြည့်ရှုစစ်ဆေးပြီးနောက် ပယ်ဖျက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။

### ဒုတိယပိုင်း သွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့

ပွဲကစားချိန် ၇၇ မိနစ်တွင် နီကိုးလပ်စ် ဒိုမင်ဂွက်ဇ်၏ နေရာအစား တိုက်စစ်အားသန်ကစားသမား အီလန်ဂါ ဝင်ရောက်လာပြီးနောက် နော်တင်ဟမ်အသင်း၏ တိုက်စစ်ပိုင်းပိုမိုထက်မြက်မှုရှိလာခဲ့ပြီး အရေးပါသည့် အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့သည်။ နော်တင်ဟမ်အသင်းအတွက် သွင်းဂိုးများကို မီလန်ကိုဗစ်နှင့် အီလန်ဂါတို့က သွင်းယူပေးပြီး အက်စ်တွန်ဗီလာအသင်းအတွက် သွင်းဂိုးကို ဒူရန်က သွင်းယူပေးခဲ့သည်။

### အခြားပွဲစဉ်ရလဒ်

ပရီမီယာလိဂ်ပွဲစဉ် (၁၆) မှ အခြားပွဲစဉ်ရလဒ်များတွင် နယူးကာဆယ်က လက်စတာကို လေးဂိုး-ဂိုးမရှိ၊ အစ်ဆွစ်က ဝုဖ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး အာဆင်နယ်နှင့် အဲဗာတန်အသင်းပွဲစဉ်တွင် ဂိုးမရှိ သရေကျခဲ့သလို လီဗာပူးနှင့် ဖူလ်ဟမ်အသင်းပွဲစဉ်တွင်လည်း တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**

မြန်မာနိုင်ငံတစ်ဝန်းရှိအခြေခံပညာကျောင်းသား၊ကျောင်းသူများအတွက်သင်ကြားသင်ယူမှုတွင်အကောင်းဆုံးအထောက်အကူဖြစ်စေရန်ရည်ရွယ်ပြီး ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသားကြီးကြပ်တည်းဖြတ်ထားသည့် လွယ်ကူလေ့လာအင်္ဂလိပ်စာ Grade-4 မှ Grade-12 အထိ တန်းစဉ် Grammar ရှင်းလင်းချက်များအပါအဝင် လေ့ကျင့်ခန်းများနှင့်အဖြေစုံကို ကျောင်းသား၊ ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။

မြန်မာ့အလင်းစာတည်းအဖွဲ့

## Grade (8) Unit (1)

Adverbs of frequency describe how often an action occurs. They fall into two categories: indefinite frequency and definite frequency.

1. **Indefinite Frequency**

မတိကျသော ကြိမ်နှုန်းပြ ကြိယာဝိသေသန

Adverbs of indefinite frequency give a general idea of "how often," without exact numbers or precise times. Common examples include:

| | |
|---|---|
| Always (100%) | အမြဲတမ်း |
| Usually / Generally | များသောအားဖြင့်/ ယေဘုယျအားဖြင့် |
| Often | မကြာခဏ |
| Sometimes | တစ်ခါတစ်ရံ |
| Occasionally | ရံဖန်ရံခါ |
| Seldom | ဖြစ်ခဲ |
| Rarely | ဖြစ်ခဲ/ ရှားရှားပါးပါး |
| Hardly ever | အတော်ဖြစ်ခဲ |
| Never (0%) | ဘယ်တော့မှ မ........ |

**Position in a Sentence:**

They usually appear before the main verb but after the verb "to be".

**Examples:** She always drinks coffee in the morning.
He is usually on time.

**Usage Tips:**

Use these to describe a habitual or general action, without needing exact numbers.

Some of these adverbs (like "often" and "sometimes") are flexible and can sometimes appear at the start or end of a sentence for emphasis:

**Examples:** Sometimes, she reads a book before bed.
They play tennis occasionally.

2. **Definite Frequency**

တိကျသော ကြိမ်နှုန်းပြ ကြိယာဝိသေသန

Adverbs of definite frequency are more precise and provide a clear time frame, such as:

Every day/week/month/year/ Once a day / Twice a month / Three times a year/ Daily/ weekly/ monthly/ annually

**Position in a Sentence:**

They are usually placed at the end of a sentence.

**Examples:** She goes jogging every morning.
They meet once a month.

**Usage Tips:**

These adverbs are useful when you want to be specific about how often something happens.

They provide more structured information compared to indefinite frequency adverbs.

**Exercises 1:**

I. **Fill in the Blanks with the Correct Adverb of Frequency.**

1. I .......... eat breakfast before leaving for work. (**always, usually, sometimes**)
2. They go on a family trip ........... (**every year, sometimes, usually**)
3. He is .......... late to class. (**always, never, often**)
4. I visit my grandparents ........... (**every month, sometimes, usually**)
5. They .......... have meetings on Fridays. (**always, twice a week, once**)
6. We .......... go hiking on weekends. (**always, every Saturday, never**)
7. She visits her native village ........... (**twice a month, usually, never**)
8. They .......... watch movies together as a family. (**always, once a week, sometimes**)
9. He .......... misses a day of work. (**rarely, daily, every day**)
10. I .......... drink coffee in the afternoon. (**never, daily, twice a day**)

**Answer Keys**

| | | | |
|---|---|---|---|
| I. | 1. usually | 2. every year | 3. never |
| | 4. every month | 5. always | 6. always |
| | 7. twice a month | 8. once a week | |
| | 9. rarely | 10. never | |

**Exercises 2:**

II. **Rewrite the Sentence with the Correct Position for the Adverb.**

1. He is late (**sometimes**).
2. She goes to the gym (**twice a week**).
3. We eat out (**occasionally**).
4. She is late to work. (**often**)
5. They eat dinner at 7 p.m. (**always**)
6. He checks his emails. (**every morning**)
7. I go for a run. (**sometimes**)
8. You can see them at the gym. (**once a week**)
9. She is late for work. (**often**)
10. They have dinner at 7 p.m. (**always**)

**Answer Keys**

1. He is sometimes late.
2. She goes to the gym twice a week.
3. We occasionally eat out.
4. She is often late to work.
5. They always eat dinner at 7 p.m.
6. He checks his emails every morning.
7. I sometimes go for a run.
8. You can see them at the gym once a week.
9. She is often late for school.
10. They always have dinner at 7 p.m.

## Grade (9) Unit (2)

**Question Tags**

**Study the examples**

Haven't you seen Lisa today, have you? No, I haven't

It was a good film, wasn't it? Yes, it was great.

1. Have you? and wasn't it? are question tags. These are mini-questions that you can put on the end of a sentence.

In question tags, we use an auxiliary verb (have/was/will etc.).

**We use do/does/did for the present and past simple**

'Karen plays the piano, doesn't she?' 'Well, yes, but not very well.'

'You didn't lock the door, did you?' 'No, I forgot.'

2. Normally we use a negative question tag after a positive sentence and a positive question tag after a negative sentence:

**Positive sentence**

**Examples:** Kate will be here soon, won't she?
There was a lot of traffic, wasn't there?
Joe should pass the exam, shouldn't he?

**negative sentence**

**Examples:** Kate won't be late, will she?
They don't like us, do they?
You haven't eaten yet, have you?

3. The meaning of a question tag depends on how you say it. If your voice goes down, you are not really asking a question. You expect the listener to agree with you:

**Examples:** 'It's a nice day, isn't it?' 'Yes, beautiful.'
'Paul doesn't look well today, does he?'
'No, he looks very tired.'
'Lisa's very funny. She's got a great sense of humour, hasn't she?'
'Yes, she has.'

But if the voice goes up, it is a real question:

'You haven't seen Kate today, have you?' 'No, I haven't.'
(= Have you seen Kate today?)

You can use a negative sentence + positive tag to ask for things or information, or to ask somebody to do something. The voice goes up at the end of the tag:

'You couldn't do me a favour, could you?' 'It depends what it is.'

'You don't know where Karen is, do you?' 'Sorry, I have no idea.'

4. After Let's ... (= Let us) the question tag is shall we:

**Examples:** Let's go for a walk, shall we? (the voice goes up)

After Don't ... , the question tag is will you:

**Examples:** Don't be late, will you? (the voice goes down)

After I'm ... , the negative question tag is **aren't I?** (= **am I not?**):

**Examples:** 'I'm right, aren't I?' 'Yes, you are.'

**Exercises**

**Complete these sentences with a question tag.**

1. Kate won't be late, **will she** ? No, she's never late.
2. You're tired, **aren't you** ? Yes, a little.
3. You travel a lot, .....? Yes, I love travelling.
4. You weren't listening, .....? Yes, I was!
5. Sarah doesn't know Ann, .....? No, they've never met.
6. Jack's on holiday, .....? Yes, he's in Australia.
7. It didn't take long to get here, ......? No, just ten minutes.

**Answer Keys**

| | | | |
|---|---|---|---|
| I. | 3. don't you | 4. were you | 5. does she |
| | 6. isn't he | 7. did it | |

အခြေခံပညာအင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (English for Students Supplement Editorial Group) ဖုန်း – 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ထားဝယ်မြို့တော်ခန်းမအဆောက်အအုံသစ် တည်ဆောက်နေမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ထားဝယ် ဒီဇင်ဘာ ၁၅**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် ထားဝယ်မြို့တော်ခန်းမ အဆောက်အအုံသစ် တည်ဆောက်နေမှုအခြေအနေများနှင့် ကမ်းနားလမ်း တစ်လျှောက် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထားဝယ်မြို့တော်ခန်းမ အဆောက်အအုံသစ် တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံအင်ဂျင်နီယာ ဦးရဲထက်ဇော်က အဆောက်အအုံသစ် ဆောက်လုပ်နေမှုနှင့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆောက်အအုံသစ်ကို အချိန်မီပြီးစီးရေးနှင့် သတ်မှတ်အရည်အသွေးစံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားပြီး အဆောက်အအုံအတွင်း တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြက်စားပြင်ရပ်၊ ကမ်းနားလမ်းတစ်လျှောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးအထိ လမ်းချဲ့ခြင်းလုပ်ငန်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးနှင့် အောင်တံခွန်ငါးဈေးအကြား နှစ်လမ်းသွားချဲ့ခြင်းနှင့် လေးလမ်းသွားချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆောင်ရွက်နေမှုအခြေအနေများ၊ ဘုမ္မော်ချောင်းကူးတံတား (ပေ ၈၀ သံကူကွန်ကရစ်တံတား တစ်စင်း) တည်ဆောက်နေမှုအခြေအနေ၊ ဆိပ်ကမ်းသာပန်းခြံရှေ့ မြေယာရှင်းဆောင်ရွက်နေမှုအခြေအနေ၊ မြောင်းပုလဲချောင်းကူးတံတား၊ ကမ်းနားလမ်းတံတားနှင့် ကွန်ကရစ်လမ်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မေတ္တာကမ္ဘာအေးကိုယ်ပိုင်ဈေးဟောင်းကို ကြည့်ရှုစစ်ဆေးပြီး ထားဝယ်- ကမြောကင်း- မောင်းမကန်လမ်း ကျောက်စီရေမြောင်းတည်ဆောက်နေမှု အခြေအနေများနှင့် ကျောက်စီရေမြောင်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရှေးဟောင်းရေကန်များ ရေသိုလှောင်နိုင်မှု ကြည့်ရှုစစ်ဆေး

**ညောင်ဦး ဒီဇင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၁၃ ရက်က ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အတွင်းရှိ ရှေးဟောင်းရေကန် ၉၁ ကန် ပြန်လည်ဆယ်ယူပြုပြင် ဆောင်ရွက်လျက်ရှိရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန လျာဒါန်းတူးဖော်သည့် ရှေးဟောင်းရေကန် ၂၀ အနက်မှ ပြုပြင်ပြီးစီးသည့် မြေနဲလေးကန် -၂ (ကန်အမှတ်-၀၆၁) နှင့် မြေနဲလေးကန်-၃ (ကန်အမှတ်- ၀၆၄) ၏ ရေသိုလှောင်နိုင်မှုနှင့် အကျိုးပြုနိုင်မှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုသည်။



ထို့နောက်ကျောက်ပန်းတောင်းမြို့နယ်၌ တိုင်းဒေသကြီးရန်ပုံငွေ ၃၈ ဒသမ ၁၉၉ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် စံပယ်ပင်ကျေးရွာ အလျားပေ ၃၅၀၊ အနံ ပေ ၂၀၀၊ အမြင့် ငါးပေရှိ မြေသားရေကန် တူးဖော်ခြင်းနှင့် တံုကင် လေးခုတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဇင်မာ**

# တောင်ငူမြို့နယ်၌ အတွေ့အကြုံရှင်းလင်းပွဲကျင်းပ

**တောင်ငူ ဒီဇင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ မင်းကြီးညိုရပ်ကွက်ရှိ စာရေးဆရာအသင်း အတွင်းရေးမှူးနေအိမ်၌ ဖွင့်လှစ်ထားသည့် အသင်းယာယီရုံးခန်းတွင် မြို့နယ်စာရေးဆရာအသင်း နှစ်ပတ်လည်မျက်နှာစုံညီ အစည်းအဝေးနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေး အတွေ့အကြုံ ရှင်းလင်းပွဲကို ဒီဇင်ဘာ ၁၄ ရက်က ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် သဘာပတိ ဦးကျော်လှ(သမာဓိ)က အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးဇော်ဇော် (ဇော်ဇော်-တရားလွှတ်တော်ရှေ့နေ)က မြန်မာနိုင်ငံ စာရေးဆရာအသင်း(ဗဟို)မှပေးပို့သည့် ၁၃၈၆ ခုနှစ် (၂၀၂၄) စာဆိုတော်နေ့အတွက် သဝဏ်လွှာကို ဖတ်ကြားဆွေးနွေးသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်း၏ နှစ်ပတ်လည် အစီရင်ခံစာကို မြို့နယ်အသင်းအတွင်းရေးမှူး ဦးအောင်ငွေ (မှူးအောင်)က ဖတ်ကြားတင်သွင်းပြီး အသင်း၏ ဘဏ္ဍာရေးရှင်းတမ်းကို မြို့နယ်အသင်း ဘဏ္ဍာရေးမှူး ဒေါ်ခင်ပုလဲကျော်(မိုးမခ-နန်းမြေ)က ဖတ်ကြားတင်သွင်းသည်။ ယင်းနောက် မြို့နယ်အတွင်းရေးမှူးက အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်စာရေးဆရာ အသင်းဝင်များက ပြန်လည်ဆွေးနွေးကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**ဇော်ကိုကို (တောင်ငူ)**



# ကော့သောင်းမြို့၌ တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်နှင့် ကော့သောင်းခရိုင်နှင့် မြို့နယ်ဥပဒေရုံးမှ အရာထမ်း၊ အမှုထမ်းများ တွေ့ဆုံပွဲပြုလုပ်

**ကော့သောင်း ဒီဇင်ဘာ ၁၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ ဥပဒေချုပ် ဦးအုန်းသန်းနှင့် ကော့သောင်းခရိုင်နှင့် မြို့နယ်ဥပဒေရုံးမှ အရာထမ်း၊ အမှုထမ်းများ တွေ့ဆုံပွဲကို ခရိုင်နှင့် မြို့နယ်ဥပဒေရုံးတွင် ဒီဇင်ဘာ ၁၄ ရက်က ပြုလုပ်သည်။



အဆိုပါတွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဥပဒေချုပ်က ဥပဒေရုံးများအနေဖြင့် အများပြည်သူ ယုံကြည်လေးစားရသော ရုံးများ ဖြစ်စေရေး၊ ဥပဒေအကြံဉာဏ်ပေးရာတွင်လည်းကောင်း၊ တရားစွဲနှင့် အမှုလိုက်ပါဆောင်ရွက်ရသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင်လည်းကောင်း ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဖြစ်စေရေး၊ ဥပဒေအသိပညာပြန့်ပွားရေး ဆောင်ရွက်ခြင်းသည် မိမိတို့လုပ်ငန်းတာဝန်တစ်ရပ် ဖြစ်သလို နိုင်ငံတော်၏မူဝါဒဖြစ်သည်နှင့်အညီ အလေးထားဆောင်ရွက်စေရေး ပြောကြားပြီး ခရိုင်ဥပဒေရုံးသစ် ဆောက်လုပ်နိုင်ရေးနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ကော့သောင်းခရိုင်နှင့် မြို့နယ်ဥပဒေရုံးမှ အရာထမ်း၊ အမှုထမ်းများက တစ်ဦးချင်း ဆွေးနွေးတင်ပြရန်ရှိသည်များ တင်ပြကြပြီး တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီး ဥပဒေအရာရှိတို့က ကော့သောင်းခရိုင်နှင့် မြို့နယ်ဥပဒေရုံးမှ အရာထမ်း၊ အမှုထမ်းများအား နှစ်သစ်အကြိုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ရောဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဒီဇင်ဘာ ၁၄ ရက်တွင် Wilmar Myanmar Riceland Kyaiklat Limited ပေါင်းဆန်စက်ရုံကို တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးနိုင်လင်းတို့က မီးဘေးအန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



# ကော့မှူးမြို့နယ်၌ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ကော့မှူး ဒီဇင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် သမင်ခြံကျေးရွာကုန်ထုတ်မြေ+ ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်လင်းသန်း၊ တွံ့တေးခရိုင် ဦးစီးမှူး ဦးအောင်သက်ဦးနှင့်အတူ တာဝန်ရှိသူများသည် ဒီဇင်ဘာ ၁၃ ရက်က သမင်ခြံကျေးရွာသို့ ရောက်ရှိစစ်ဆေးခဲ့သည်။

ထိုကဲ့သို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ဦးစီးမှူးက မြေသားလမ်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ၊ လုပ်ငန်းခွင်အတွင်း မြေနီရောက်ရှိမှုအခြေအနေများ၊ ဂဝံလမ်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဦးစီးမှူးက လုပ်ငန်းများ ဆောင်ရွက်မှုအပေါ် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားသည်။



အဆိုပါ သမင်ခြံကျေးရွာ၌ အရှည် ၄ ဒသမ ၅၄၅ ဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့်နှစ်ပေရှိ မြေသားလမ်းနှင့် အရှည် ၄ ဒသမ ၅၄၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ဂဝံကျောက်ခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၃၂ ဒသမ ၅ သန်းဖြင့် ဇွန် ၁၁ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်း ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်သည်။

**ဖြိုးကျော်(ပုံတောင်မြေ)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ် ဒ-၂၊ ဦးပိုင်အမှတ်(၃၀)၊ ၆၅လမ်း၊ ၃၇X၃၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်ဆန်း ၉/မရတ(နိုင်)၀၉၅၆၉၈ က အမှုတွဲအမှတ်(၅၄၄၅/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မမ-၅၅၊ ဦးပိုင်အမှတ်(၂၁)၊ ၅၃X၅၄ ကြား၊ ၃၈X၃၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေမီ(ခ)အားမင် ၁၃/ကခန(နိုင်)၀၀၀၀၉၅ က အမှုတွဲအမှတ်(၅၄၅၈/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင် ရပ်ကွက်၊ အကွက်အမှတ် မ-၅၅၊ ဦးပိုင်အမှတ်၁၉(၅၃လမ်း၊ ၃၈X၃၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေမီ(ခ) အားမင် ၁၃/ကခန(နိုင်)၀၀၀၀၉၅ က အမှုတွဲအမှတ်(၅၄၅၇/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ရွှေတောင်မြို့နယ်၊ ဆည်ကြီးကုန်းအုပ်စု၊ အောင်မြေသာရပ်ကွက်နေ ဦးလျန်မင်း၏သမီး မထန်ဇလျှံ ၅/ကလထ(နိုင်)၁၆၅၈၇၆အား မမိုးမိုးအေး ၅/ကလထ(နိုင်)၁၆၅၈၇၆ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမိုးမိုးအေး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၅၇၃၊ ဦးပိုင်အမှတ် ၆၇၊ ၃၂လမ်း၊ ၈၃လမ်းx၈၄လမ်းကြားရှိ ဘိုးဘ မြေကွက်အမည်ပေါက်သူ ဦးသိန်းအောင် ၉/မရမ(နိုင်)၀၆၄၆၈၉၊ ဒေါ်ကျန်ချင်းဟို ၉/မရမ(နိုင်) ၀၆၄၇၁၁တို့က ဘိုးဘအမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၄၉၊ ဦးပိုင်အမှတ်(၁၄-ခ)၊ ၃၉x၄၀လမ်းကြား၊ ၅၄x၅၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လွင်လွင်ဦး၏(SP ရရှိသူ ဒေါ်ချယ်ရီ) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၅၇၄/၂၀၂၂)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းဆိုင်ထွမ်း၏ (SP ရရှိသူဦးထွန်းအောင်ကျော်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၆၆၂/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဖြိုးသဉ္ဇာကျော် ၉/ခအဇ(နိုင်)၀၅၄၃၄၁ က အမှုတွဲအမှတ်(၅၄၈၃/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ် အပိုင်း-၁၁၊ ဦးပိုင်အမှတ်(၁၆)၊ ၄၂လမ်း x ၆၉ လမ်းထောင့်ရှိ ဦးတင်မြင့် အမည်ပေါက် ဂရန်မြေကွက်အား ခင်ပွန်းဖြစ်သူ ဦးတင်မြင့် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၀၉၅/၂၀၂၄) ဖြင့် အမွေဆက်ခံ ခဲ့သော ဇနီးဖြစ်သူ ဒေါ်နီနီညွန့် ၉/မဟမ(နိုင်) ၀၀၂၀၅၇ က အမှုတွဲအမှတ် (၅၄၈၄/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

